
MHSP

mgyoe.com
SAMPLE BOOK

# နိုင်ဇော် ၁၀၀

Facebook ပေါ်ကစာစုများ

နိုင်ဇော်
(Lazy Club)




(အပိုင်း-၁)

mgyoe.com

mgyoe.com






























Naing Zaw - Script 100

5 201511 151020 >

15000 KS

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

MH
SP
မဟာစာပေ

အမှတ် ၁၅၂၊ ဇေယျာသုခလမ်း၊ က–ရပ်ကွက်၊ သုဝဏ္ဏ
သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။

၀၉ ၄၅၀၆_၂၃၃၈၃ ၊ ၀၉ ၄၅၀၆_၂၃၃၈၄

sarpaymahar@gmail.com
www.facebook.com/maharsarpaypublishing
www.maharsarpay.com

mgyoe.com

mgyoe.com SAMPLE BOOK

ထုတ်ဝေခြင်း ပထမအကြိမ်
နိုဝင်ဘာလ၊ ၂၀၂၅ ခုနှစ်
စောင်ရေ ၇၀၀
မျက်နှာဖုံးပန်းချီ အောင်နိုင်မောင်
ထုတ်ဝေသူ ဒေါ်သိမ့်သူစိုး (၀၁၂၈၅)
ပုံနှိပ်သူ ဦးဇင့်ဗိုလ်ဗိုလ်(နန်းသဇင်ပုံနှိပ်တိုက်-၀၀၄၄၁) ၀၉၂၅၀၅၁၃၆၃၆
အမှတ်-၁၉၄-၁၉၆၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
စာစီ ၊ စာစဉ် ညီမြာဆက် ၊ မြင့်ဆွေ
စာအုပ်ချုပ် ကိုမဲ (ငွေအိမ်စည်စာအုပ်ချုပ်လုပ်ငန်း) ၀၉၂၆၄၅၆၅၆၅၇
ဖြန့်ချိရေး မဟာစာပေ
အမှတ်-၁၅၂၊ ဝေယျသုခလမ်း၊ က-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉၄၅၀၆၂၃၃၈၃ ၊ ၀၉၄၅၀၆၂၃၃၈၄
တန်ဖိုး ၁၅၀၀၀ ကျပ်

နိုင်ဇော် (Lazy Club)

နိုင်ဇော် ၁၀၀ ၊ နိုင်ဇော် (Lazy Club)
ရန်ကုန်၊ မဟာစာပေ ၊ ၂၀၂၅
စာ ၂၇၂ ၊ ၂၀.၅ × ၁၂.၅ စင်တီ
(၁) နိုင်ဇော် ၁၀၀

mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ဇော် ၁၀၀

နိုင်ဇော် (Lazy Club)

(အပိုင်း–၁)

မဟာစာပေ ( စာစဉ် – ၁၅၁ )

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| | နိုင်ဇော် ၁၀၀ အတွက် အမှာစာ | ၇ |
| ၁။ | ကျွန်တော်နဲ့ ဝတ်ခဲ့ဖူးသော နေ့ရက်များ (အပိုင်း–၁) | ၁၃ |
| ၂။ | ကျွန်တော်နဲ့ ဝတ်ခဲ့ဖူးသော နေ့ရက်များ (အပိုင်း–၂) | ၁၈ |
| ၃။ | ကျွန်တော်နဲ့ ဝတ်ခဲ့ဖူးသော နေ့ရက်များ (အပိုင်း–၃) | ၂၄ |
| ၄။ | ကျွန်တော်နဲ့ ဝတ်ခဲ့ဖူးသော နေ့ရက်များ (အပိုင်း–၄) | ၃၁ |
| ၅။ | ကျွန်တော်နဲ့ ဝတ်ခဲ့ဖူးသော နေ့ရက်များ (အပိုင်း–၅) | ၃၇ |
| ၆။ | ကျွန်တော်နဲ့ ဝတ်ခဲ့ဖူးသော နေ့ရက်များ (အပိုင်း–၆) (ဇာတ်သိမ်း) | ၄၃ |
| ၇။ | ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ (အပိုင်း–၁) | ၅၀ |
| ၈။ | ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ (အပိုင်း–၂) | ၅၃ |
| ၉။ | ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ (အပိုင်း–၃) | ၅၇ |
| ၁၀။ | ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ (အပိုင်း–၄) | ၆၂ |
| ၁၁။ | ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ (အပိုင်း–၅) | ၆၆ |
| ၁၂။ | ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ (အပိုင်း–၆) | ၇၃ |
| ၁၃။ | ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ (အပိုင်း–၇) | ၇၉ |
| ၁၄။ | ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ (အပိုင်း–၈) (ဇာတ်သိမ်း) | ၈၅ |
| ၁၅။ | သီချင်းများရဲ့ ရာဇဝင် (မောင့်မှုံရွှေရည်) | ၉၃ |
| ၁၆။ | ကျွန်တော်နဲ့ ယင်းမာပင်လမ်းခွဲ ပြဿနာ (အပိုင်း–၁) | ၉၈ |
| ၁၇။ | ကျွန်တော်နဲ့ ယင်းမာပင်လမ်းခွဲ ပြဿနာ (အပိုင်း–၂) | ၁၀၃ |
| ၁၈။ | ကျွန်တော်နဲ့ ယင်းမာပင်လမ်းခွဲ ပြဿနာ (အပိုင်း–၃) | ၁၀၈ |
| ၁၉။ | ကျွန်တော်နဲ့ ယင်းမာပင်လမ်းခွဲ ပြဿနာ (အပိုင်း–၄) | ၁၁၃ |
| ၂၀။ | ကျွန်တော်နဲ့ ယင်းမာပင်လမ်းခွဲ ပြဿနာ (အပိုင်း–၅) | ၁၁၉ |
| ၂၁။ | ကျွန်တော်နဲ့ ယင်းမာပင်လမ်းခွဲ ပြဿနာ (အပိုင်း–၆) (ဇာတ်သိမ်း) | ၁၂၆ |
| ၂၂။ | ဒါဖတ်ပြီးမှ ရေသေားအလှူခံ ဖျော်ဖြေကြပါ | ၁၃၃ |
| ၂၃။ | ကျွန်တော်နဲ့ ထူးအိမ်သင် ပြောသော မမေ့နိုင်တဲ့ စကားတစ်ခွန်း (အပိုင်း–၁) | ၁၃၇ |
| ၂၄။ | ကျွန်တော်နဲ့ ထူးအိမ်သင် ပြောသော မမေ့နိုင်တဲ့ စကားတစ်ခွန်း (အပိုင်း–၂) | ၁၄၁ |


mgyoe.com

mgyoe.com SAMPLE BOOK

၂၅။ ဒါဖတ်ပြီးမှ ပရဟိတ လှူဖို့ ခရီးထွက်ကြပါ ၁၄၈
၂၆။ ကျွန်တော်နဲ့ ရေကျော်သီတင်းကျွတ် အမှတ်တရ (အပိုင်း–၁) ၁၅၃
၂၇။ ကျွန်တော်နဲ့ ရေကျော်သီတင်းကျွတ် အမှတ်တရ (အပိုင်း–၂) ၁၅၈
၂၈။ အမှတ်တရ ကိုဘကွန်း (အပိုင်း–၁) ၁၆၄
၂၉။ အမှတ်တရ ကိုဘကွန်း (အပိုင်း–၂) ၁၆၈
၃၀။ အမှတ်တရ ကိုဘကွန်း (အပိုင်း–၃) (ဇာတ်သိမ်း) ၁၇၂
၃၁။ ဒါဖတ်ပြီးမှ copy သီချင်း cover ပြန်ဆိုချင်သူများ youtube တင်ဖို့ ဝယ်ကြပါ ၁၇၇
၃၂။ ကျွန်တော်နဲ့ ဒေါက်တာဝေဖုန်း (အပိုင်း–၁) ၁၈၁
၃၃။ ကျွန်တော်နဲ့ ဒေါက်တာဝေဖုန်း (အပိုင်း–၂) ၁၈၆
၃၄။ ကျွန်တော်နဲ့ ဒေါက်တာဝေဖုန်း (အပိုင်း–၃) (ဇာတ်သိမ်း) ၁၉၃
၃၅။ ကျွန်တော်နဲ့ မလေးရှားက အလွဲသစ်များ (အပိုင်း–၁) ၂၀၂
၃၆။ ကျွန်တော်နဲ့ မလေးရှားက အလွဲသစ်များ (အပိုင်း–၂) ၂၀၈
၃၇။ ကျွန်တော်နဲ့ မလေးရှားက အလွဲသစ်များ (အပိုင်း–၃) (ဇာတ်သိမ်း) ၂၁၂
၃၈။ ကျွန်တော်နဲ့ မာရာဒိုနာ ပြောဖူးတဲ့ စကားတစ်ခွန်း (အပိုင်း–၁) ၂၁၉
၃၉။ ကျွန်တော်နဲ့ မာရာဒိုနာ ပြောဖူးတဲ့ စကားတစ်ခွန်း (အပိုင်း–၂) ၂၂၃
၄၀။ ကျွန်တော်နဲ့ သက္ကရာဇ်ရထားပိုင်ရှင် (အပိုင်း–၁) ၂၂၉
၄၁။ ကျွန်တော်နဲ့ သက္ကရာဇ်ရထားပိုင်ရှင် (အပိုင်း–၂) ၂၃၄
၄၂။ ကျွန်တော်နဲ့ သက္ကရာဇ်ရထားပိုင်ရှင် (အပိုင်း–၃) (ဇာတ်သိမ်း) ၂၄၀
၄၃။ ကျွန်တော်နဲ့ ရေချိုးခန်း၊ အိမ်သာ ဒီဇိုင်းအသစ် ပြဿနာ (အပိုင်း–၁) ၂၅၀
၄၄။ ကျွန်တော်နဲ့ ရေချိုးခန်း၊ အိမ်သာ ဒီဇိုင်းအသစ် ပြဿနာ (အပိုင်း–၂) ၂၅၄
၄၅။ ကျွန်တော်နဲ့ ဒေါ်နယ်ထရမ့် ပြဿနာ (အပိုင်း–၁) ၂၅၉
၄၆။ ကျွန်တော်နဲ့ ဒေါ်နယ်ထရမ့် ပြဿနာ (အပိုင်း–၂) ၂၆၅



mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ဇော် ၁၀၀ အတွက်
# အမှာစာ

ကျွန်တော့်ရဲ့ Facebook ပေါ်မှာ အမှတ်တရ ရေးထားတဲ့ စာစုလေးတွေကို တစ်ချိန်မှာ စာအုပ်အဖြစ် စုစည်းပြီး ထုတ်ဝေဖို့ စိတ်ကူးခဲ့တာ ကြာပါပြီ။ ဒါကြောင့်မို့ ဘယ်နေရာ၊ ဘယ်အချိန်ဖြစ်ဖြစ် ကိုယ် ခံစားမှု ရပြီဆို တယ်လီဖုန်း မျက်နှာပြင် သေးသေးလေးကို လက်ညှိုးနဲ့ မရ အရဖိပြီး စာတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ရေးခဲ့ပါတယ်။ နယ်တွေ အစုံသွားရင်း ဟိုတယ်၊ တည်းခိုခန်းတွေမှာ ရေးခဲ့သလို၊ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်တွေမှာလည်း စာစုလေးတွေ ရေးခဲ့ပါတယ်။ မအိပ်နိုင်ဘဲ ညဉ့်နက် နှစ်နာရီ၊ သုံးနာရီလောက် စာရေးခဲ့သလို၊ မနက်ငါးနာရီကျော် နိုးနေလည်း စာထရေးဖြစ်ခဲ့ပါတယ်။

တကယ်လည်း စာစုလေးတွေကို တစုတစည်းတည်း ဖတ်ချင်သူ စာဖတ်ပရိသတ်တွေ၊ မိတ်ဆွေတွေက စာအုပ်ထုတ်ပါလို့ ပြောလာကြလို့ ကျွန်တော့်မိတ်ဆွေ ကိုဝင်းလှိုင် (မဟာစာပေ) ကို အကူအညီတောင်းပြီး Facebook ပေါ်က ကျွန်တော့်စာစုတွေကို သူက ပြန်စုစည်းပေးပါတယ်။ အကုန်လုံး ပြန်ရွေးချယ် သန့်စင်တည်းဖြတ်ပြီးချိန် စာအုပ်နာမည် ဘယ်လိုပေးမလဲ ဆိုတော့ ကျွန်တော် အစောကြီးကတည်းက ကြိုက်လို့ ပေးမယ်


mgyoe.com

mgyobe.com

စိတ်ကူးထားတဲ့ နာမည်လေးကို ရွေးပြီး စီစဉ်ပေးသူ ကိုဝင်းလှိုင်ကို ပြလိုက်ပါတယ်။ နိုင်ဇော် ၁၀၀ လို့ ကျွန်တော်က ပေးလိုက်ပါတယ်။ ကိုဝင်းလှိုင်က စာအုပ်မျက်နှာဖုံး လုပ်ပေးတော့ နိုင်ဇော် စာ၁၀၀ လို့ သူက ထပ်ဖြည့်ပေးပါတယ်။ ကျွန်တော်က စာကို ပြန်ဖြုတ်ပါ။ နိုင်ဇော် ၁၀၀ လို့ပဲ ပေးချင်ပါတယ်လို့ အားနာနာနဲ့ ပြန်ပြီး ပြောရပါတော့တယ်။

ကျွန်တော်က ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ ဘာသာပြန်စာအုပ် ကျော်စွာ ၁၀၀ ကို မတရား ကြိုက်ပါတယ်။ ကမ္ဘာပေါ်မှာ အထူးချွန်ဆုံး၊ အထက်မြက်ဆုံး၊ တန်ခိုးအာဏာ အရှိဆုံး၊ လူတွေအပေါ် ဦးအဆောင်နိုင်ဆုံး၊ လူသားတွေအပေါ် အကျိုးအပြုဆုံး ပုဂ္ဂိုလ် ၁၀၀ အကြောင်းကို ဆရာကြီး ဒေါက်တာသန်းထွန်းက ဘာသာပြန်တော့ တိုတို၊ တုတ်တုတ်၊ ထိထိ၊ မိမိနဲ့ 'ကျော်စွာ ၁၀၀' လို့ ပေးခဲ့တာ ကျွန်တော် မတရား သဘောကျမိပါတယ်။

ကွန်ဖြူးရှပ်က စလို့ တမန်တော်မိုဟာမက်၊ ယေရှု၊ ဂေါတမ စသည်ဖြင့် အထင်ကရ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတွေ အကြောင်းကို 'ကျော်စွာ ၁၀၀' လို့ ဆရာကြီး ဒေါက်တာသန်းထွန်း စာအုပ်နှစ်အုပ် ခွဲထုတ်ခဲ့တာ ဖတ်ဖူးတဲ့ ကျွန်တော်၊ အခု ကျွန်တော့်စာအုပ်ကိုလည်း 'နိုင်ဇော် ၁၀၀' ဆိုပြီး နှစ်အုပ်ခွဲထုတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျော်စွာတောင် ၁၀၀ ရှိသေးတာပဲ၊ နိုင်ဇော်လည်း ၁၀၀ တော့ ရှိသင့်တာပေါ့လို့ ရယ်စရာအနေနဲ့ တွေးပြီး ကျွန်တော် ရေးတဲ့ စာစု ၁၀၀ ကို အမှတ်တရ အနေနဲ့ ထုတ်ဖို့ ဆုံးဖြတ်ပြီး နာမည်ပေးလိုက်မိတာပါ။

ဆရာကြီး ဒေါက်တာသန်းထွန်းကို ကျွန်တော် လူချင်း မမြင်ဖူး၊ မသိဖူးပေမဲ့ သူ ပြောတဲ့ ဘုကျကျ စကားတွေကို မတရားကြိုက်တာကြောင့်လည်း အခုလို နာမည်ပေးဖြစ်တာလည်း ဝန်ခံပါတယ်။

'သမိုင်း ဆိုတာ မအ,အောင် သင်ရတာ' ဆိုတဲ့ ဆရာကြီးရဲ့ စကားတစ်ခုက သမိုင်းမှာ ကျန်ခဲ့တာလည်း ကျွန်တော် လေးစားမိပါတယ်။ ဆရာကြီးရဲ့ အင်တာဗျူးတစ်ခုမှာ ဆင်ဖြူတော်အကြောင်း မေးတော့ 'ဆင်ဖြူတော် ပိုင်လို့ ရာသီဥတု မှန်မယ်ဆို သဲကန္တာရထဲ အဲဒီဆင် သွားထားကြည့်ပါလား၊ ဆင်ဖြူတော်ကြောင့် မိုးရွာမယ် ထင်ရင်' ဆိုပြီး အမှန်တရားကို ပြောခဲ့တာလည်း လေးစားစရာပါ။ ဆရာကြီးက–

'ဗုဒ္ဓမြတ်စွာဘုရား မြန်မာပြည် ကြွလာဖူးတာ သမိုင်းမှာ သူ

mgyoe.com SAMPLE BOOK
မတွေ့ဖူးဘူး' လို့လည်း သတ္တိရှိရှိ ပြောပြခဲ့တာ ဖတ်ခဲ့ဖူးပါတယ်။ ဆရာကြီးရဲ့ စကားတွေက ဘုကန့်လန့် ပြောပေမဲ့ အရှိက်ကို တစ်ခါတည်း ထိုးချလိုက်သလို ထိထိမိမိ ပြန်မလှုပ်နိုင်တဲ့အထိ ချက်ကျ၊ လက်ကျ စကားတွေကို ကျွန်တော် ကြိုက်မိလို့ ဆရာကြီးကို အဝေးကပဲ အားပေးနေရသူ စာဖတ်ပရိသတ်အနေနဲ့ အခုလို ကျွန်တော့်စာအုပ်ရဲ့ အမှာစာမှာပါ ရေးပြလိုက်ရတာပါ။

တစ်ခါက မန္တလေးတက္ကသိုလ်မှာ ကျောင်းသားတစ်ယောက်က အဆောင်က သောက်ရေအိုးကို ခွဲလိုက်လို့ ဆိုပြီး ကျောင်းထုတ်သင့်၊ မထုတ်သင့်ကို တက္ကသိုလ်က လူကြီးတွေ အစည်းအဝေး လုပ်ကြပါတယ်လို့ ဖတ်ဖူးပါတယ်။ အာဏာပိုင် လူကြီးအားလုံးက အပြစ်ရှိတယ် ဆုံးဖြတ်ပြီး တက္ကသိုလ်ကနေ ထုတ်ပယ်ဖို့ မဲပေးကြခါနီး ဆရာကြီး ဒေါက်တာသန်းထွန်းက စကားတစ်ခု ပြောလိုက်ပါတယ်။

"တစ်လကို တက္ကသိုလ်က ရေအိုးတွေ အများကြီး ခွဲခဲ့တဲ့ ကျောင်းသားတောင် အခု ပါမောက္ခ ဖြစ်လာသေးတာပဲ" လို့ သူ ငယ်ငယ်က လုပ်ခဲ့တာနဲ့ နှိုင်းယှဉ်ပြောလိုက်တော့ လူကြီးတွေလည်း ရေအိုး ခွဲတဲ့ ကျောင်းသားကို ကျောင်းမထုတ်ဖြစ်တော့ဘူးလို့ ဖတ်လိုက်ရပါတယ်။

ဆရာကြီးက လူငယ်ဘဝက ဆိုးခဲ့ဖူးမှ လူကြီးဘဝ ရောက်ချိန် လူငယ်တွေကို နားလည်ပေးနိုင်မယ့် လူကြီး ဖြစ်တယ် ဆိုတာ သူ့စကားနဲ့ ထောက်ပြလမ်းညွှန်သွားတာလို့ ကျွန်တော်က ထင်နေမိပါတယ်။

ကျွန်တော်လည်း အခုထုတ်မယ့် စာအုပ်ထဲမှာ လူငယ်တွေကို အပေါ်စီးက ဆရာကြီးလုပ်ပြီး စာတွေ ရေးမပြဘဲ ကျွန်တော် ကိုယ်တိုင် ကြုံခဲ့ရ၊ ခံစားခဲ့ရ၊ ငတ်ခဲ့ရ၊ ပြတ်ခဲ့ရ၊ အဆဲခံ၊ အဆူခံ ကြိုးစားခဲ့ရသမျှ၊ ပင်ပန်းခဲ့ရသမျှ အတွေ့အကြုံတွေကို နောက်အနာဂတ်ရဲ့ လူငယ်တွေ ဖတ်မိကြရင် ငါတို့လည်း အခက်အခဲတွေ ကြုံလာရင် 'နိုင်ဇော် ၁၀၀ စာအုပ်ထဲက ကိုနိုင်ဇော်ကြီးလို ခံနိုင်ရည်ရှိဖို့ လိုတယ်' ဆိုပြီး ခံနိုင်ရည်ရှိကြစေဖို့ ဦးဆောင်လမ်းပြအနေနဲ့ ဒီစာအုပ်လေး ထုတ်ဝေခဲ့တာ ကျွန်တော့်ရဲ့ စေတနာ အစစ်ပါ။ တစ်ခါက စာပေဆွေးနွေးပွဲ တစ်ခုမှာ ဆရာကြီး ဒေါက်တာသန်းထွန်းကို စာပေဆွေးနွေးသူ ပရိသတ်တစ်ယောက်က စာနဲ့ မေးသလား၊ လူကိုယ်တိုင် မေးသလား (သိပ်တော့ မမှတ်မိလို့ မှားရင် ခွင့်လွှတ်ပေးပါ) ဒီလို မေးပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဆရာကြီးခင်ဗျား၊ မြန်မာ့သမိုင်း အကြောင်းအရာတွေကို ရေးရင် ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေဖို့ စေတနာထားပြီး ရေးပေးစေချင်ပါတယ်' လို့ တိုက်တွန်းတာ ကျွန်တော် ဖတ်ခဲ့ဖူးပါတယ်။

ဆရာကြီးက သမိုင်း ဆိုတာ အမှန်ပဲ ဖြစ်သင့်တယ်၊ ကိုယ့်မြန်မာတွေ ညံ့တာ၊ သွေးကွဲတာ၊ ခေတ်မမီတာကို ဖုံးဖိပြီး လိုတာထက် ပိုအမွှမ်းတင် ရေးကြ၊ ရိုက်ကြတဲ့ စိတ်ကူးယဉ် ရုပ်ရှင်တွေ၊ ဝတ္ထုတွေနဲ့ သမိုင်းကို တစ်တန်းတည်းထားပြီး လိမ်လည်ရေးဖို့ ဝါသနာ မပါသူ၊ အမှန်တရားကိုပဲ သမိုင်းပညာရှင်က ဖော်ထုတ်ဖို့ တာဝန်ရှိတယ် ခံယူထားသူမို့ ခပ်ပြတ်ပြတ်ပဲ ပြန်ဖြေလိုက်ပါတယ်။

'ကျွန်တော် စေတနာ မထားနိုင်ပါဘူး' တဲ့။

ကျွန်တော် ဆရာကြီးရဲ့ စိတ်ရင်းအမှန် မြင်မိလို့ ကျွန်တော်ကိုယ်တိုင်လည်း စာရေးတဲ့ အခါတိုင်း အရာရာကို အမှန်တရားပဲ ရေးမယ်၊ အာဏာ ရှိသူကိုလည်း မဖားဘူး၊ အခွင့်အရေး ရသမျှ သူတို့ဆီကလည်း မယူဘူး၊ အာဏာမဲ့သူကိုလည်း မဖိဘူး၊ မနှိမ်ဘူး၊ ပြည်သူတွေ ကိုယ်တိုင်ခံစားနေရတဲ့ အခက်အခဲတွေကို ပြည်သူကြားထဲ သွားရင်း ကိုယ်တွေ့ကြားခဲ့၊ မြင်ခဲ့ရတာတွေ သမိုင်းမှတ်တမ်းတစ်ခု အနေနဲ့ ပါဝင်သွားဖို့ ဒီစာအုပ်ကို ထုတ်ဝေခဲ့တာပါ။

ဒါကြောင့်လည်း 'ဒီစာအုပ်လေးကို ကျောက်စာတစ်ခုလို တန်ဖိုးရှိအောင် ခိုင်ခံ့တဲ့ မှတ်ကျောက်တင်နိုင်တဲ့ အမှန်တရား စာစုတွေ စုစည်းထားလို့ နိုင်ဇော် ၁၀၀ ဆိုတဲ့ နာမည်ပေးလိုက်တာပါ' လို့ ကျွန်တော် ဆိုလိုချင်တာပါ။

ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ စာအုပ်နာမည်ကို တင်စားသုံးမိတာလည်း ဝန်ခံပါတယ်။ အများကြိုက်၊ လူပြိန်းကြိုက်၊ အပေါ်ယံအလှ အကြိုက် ဖော်လံဖားစာမျိုးတွေ မပါဘဲ အမှန်တရားအတွက် အမှားတွေကို အမှန်ထင်အောင် ကျွန်တော် မရေးခဲ့ပါဘူး။ အဲဒီလိုလည်း မကောင်းသူတွေအပေါ် စေတနာ မထားခဲ့လို့ နိုင်ဇော် ၁၀၀ စာအုပ်ဖတ်ပြီးသူတွေ၊ သမိုင်းမှာ မအ,တဲ့ ကိုယ့်နိုင်ငံသားတွေ ပိုများလာစေဖို့ ငွေကြေး ပြန်မရနိုင်တဲ့ ဆုံးရှုံးမှုကို ဂရုမစိုက်ဘဲ ထုတ်ဝေလိုက်ရတာမို့ ယုံကြည်စွာ ဖတ်ကြည့်စေချင်ပါတယ် ဆိုပြီး 'ကိုယ့်စာအုပ်ကို ကိုယ်ပဲ အာမခံ အမှာစာ ရေးလိုက်ရပါတော့တယ်'။



mgyoe.com

mgyoe.com SAMPLE BOOK

ဒီစာအုပ် ဖတ်ပြီး တကယ်လည်း ကျေနပ်နိုင်ကြမယ်လို့ ထင်မိပါတယ်။

နိုင်ဇော် (Lazy Club)

၁၈ စက်တင်ဘာ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း – ၁

# ကျွန်တော်နဲ့ ငတ်ခဲ့ဖူးသော နေ့ရက်များ

ကျွန်တော် အနုပညာလောကထဲ စဝင်ခါစအချိန် ငွေမရှိလို့ အငတ်ခံနေရတာတွေ အများကြီးပါ။ ဂီတာသမား ဖြစ်ချင်လို့ လက်ဖက်ရည်ဆိုင်က ဖွင့်တဲ့ ခေတ်ပေါ်သီချင်းတွေ နားထောင်ချင်မိပါတယ်။ အိမ်မှာ ကက်ဆက် မရှိလို့ ဘာမှ မသိပါဘူး။ ရေဒီယိုကို အဖေက တစ်နေကုန် ဖွင့်တော့ အခုအချိန်ထိ ရေဒီယိုသီချင်းတွေ၊ မြန်မာမှုတွေ၊ ခေတ်ဟောင်းသီချင်းတွေကို နားရည်ဝနေလို့ Live Show ခေတ်မှာ Radio Alive တို့၊ သူ့ခေတ် ကိုယ့်ခေတ်တို့၊ ကိုမြကြီးရဲ့ မိုးတို့က စပြီး မြတ်ဘုရား ရွှေတိဂုံအထိ ကျွန်တော် အသစ်ပြန်ဖန်တီး ပြနိုင်တာတော့ အဖေ့ရဲ့ ရေဒီယို ကျေးဇူးပါ။

ခေတ်ပေါ် စိုင်းထီးဆိုင်တို့၊ စိုးလွင်လွင်၊ ကျော်ဟိန်း စသည်ဖြင့် သီချင်းတွေကို ကျွန်တော် တီးတာရော ဆိုတာပါ သိပ်နားထောင်ချင်ရင် လမ်းဘေး လက်ဖက်ရည်ဆိုင်တွေအနား သွားပြီး မယောင်မလည် နားထောင်ရပါတော့တယ်။ ခက်တာက လမ်းဘေးမှာ အဲဒီခေတ်က စားပွဲအပုလေးတွေ အပြည့် ချထားတဲ့ ပလက်ဖောင်းပေါ်မှာ စပီကာ ကောင်းကောင်းနဲ့ နာမည်ကြီး သီချင်း ဖွင့်တဲ့ ဆိုင်က သီချင်းကို မတ်တတ်ရပ် နားထောင်

mgyoe.com SAMPLE BOOK

ရင် အကြာကြီး မရပ်နိုင်လို့ ဘာမှ မသောက်၊ မစားနိုင်တဲ့ ကျွန်တော် လက်ဖက်ရည်ဆိုင် ထိုင်နိုင်မယ့်၊ အဲဒီခေတ်က ငွေတစ်ကျပ် ရှိတဲ့ သူငယ်ချင်း တစ်ယောက်ယောက်ကို လိုက်ရှာရပါတယ်။

တစ်ကျပ်စေ့တစ်စေ့ကို လက်ဖက်ရည်တစ်ခွက် ရတဲ့ ခေတ်မှာ ကျွန်တော်က တစ်ကျပ် ချမ်းသာသူတစ်ယောက် ဖြတ်လာရင် "မင်း ထိုင်တဲ့ လက်ဖက်ရည်ဆိုင် ငါ လိုက်ထိုင်မယ်၊ လက်ဖက်ရည်လည်း မသောက်ဘူး၊ သီချင်းပဲ နားထောင်ချင်လို့" ဆိုပြီး သနားအောင် ပြောရပါတယ်။ သူနဲ့ ကျွန်တော် ညှိလို့ရပြီဆို ဗိုလ်ချုပ်လမ်းပေါ်က လက်ဖက်ရည်ဆိုင်ဆီ အချိန် မရွေး ချီတက်ကြပါတယ်။ သူငယ်ချင်းတွေကလည်း ကျွန်တော့်ကို သနားလို့ တစ်ဝက်တော့ လက်ဖက်ရည်ခွက်ထဲက ခွဲတိုက်ပါတယ်။

ကျွန်တော်က မျက်စိစုံမှိတ်ပြီး ဆိုင်က ဖွင့်သမျှ သီချင်းတွေကို အရသာခံ နားထောင်ရုံမက စိတ်ထဲကပါ လိုက်မှတ်၊ အိမ်မှာ ပြန်တီးနိုင်ဖို့ အသားကုန် နားနဲ့ အလွတ်ကျက်ရပါတော့တယ်။ ရပ်ကွက်စတိတ်ရှိုး တီးဖို့ စိုးလွင်လွင်ရဲ့ ကိုယ်ချင်းစာ နာခဲ့ရပြီဆို လက်ဖက်ရည်ဆိုင်ကို အသနားခံပြီး နှစ်ခေါက် ပြန်ရစ်ဖွင့်ပေးပါလို့ကို အတင်းတောင်းပန် notes ရေးခဲ့ရပါတယ်။ အဲဒီတုန်းက အငတ်ခံခဲ့ဖူးတဲ့ အတွေ့အကြုံတွေကြောင့် အခု notes ရေးရင်၊ notes ကိုကြည့် ချက်ချင်းတီးရင် တော်ရုံသီချင်းကို စိတ်မပူဘဲ ပျော်ပျော် ရွှင်ရွှင် live တီးနိုင်ခဲ့တာပါ။

ဘဝမှာ မနက်မိုးလင်းရင် စားစရာ မရှိလို့၊ အစ်မတွေ အစ်ကို တွေက ရုံးသွား၊ ကျောင်းသွားချိန် နေ့လယ်စာပဲ ရှိလို့၊ မနက်အိပ်ရာ နောက်ကျထပြီး နေ့လယ်စာနဲ့ မနက်စာ ပေါင်းစားခဲ့ရတာ ကျွန်တော့် style ပါ။ မောရစ် ဆိုတဲ့ ကျွန်တော့်သူငယ်ချင်းက အိမ်ကို လာနိုးတဲ့ အသံကြားရင် သူ လက်ဖက်ရည် တိုက်တော့မှာ သိပြီး မနက်စောစောထ၊ သူ ကျွေးတာ စားခဲ့ရပါတယ်။ နောက်ဆုံး မနက်မနက် အငတ်ဒဏ် မခံနိုင်လို့ သူငယ်ချင်း မောရစ် ဖွင့်တဲ့ ရေကျော်ရထားသံလမ်းဘေးက BlueMoon ဆိုတဲ့ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်နဲ့ သူငယ်ချင်းတွေ စားပွဲထိုး ဝင်လုပ်တော့မှ မနက်စာအတွက် စိတ်မပူရတော့ပါဘူး။

သီချင်းတွေလည်း ပေါ်သမျှ၊ ထွက်သမျှ ဆိုင်ကို ဝယ်ခိုင်း၊ သူတို့ ဝယ်သမျှ တစ်နေကုန် နားထောင်၊ လက်ဖက်ရည်ဆိုင် လာသူတွေ ဖွင့်ခိုင်းဖို့ ယူလာရင်လည်း အကုန် တစ်နေကုန် ဖွင့်ပြီး နားထောင်ရင်း စားပွဲထိုး

mgyoe.com SAMPLE BOOK
အလုပ်လုပ်ရာက အခကြေးငွေ မရဘဲ၊ သူငယ်ချင်းဆီမှာ ထမင်းစား၊ လက်ဖက်ရည်သောက် စားပွဲထိုးအလုပ် လုပ်မိတဲ့ အမြတ်က တကယ့်ဂီတလောကထဲ ဝင်တော့ ရှိသမျှ အဆိုတော် liveshow တွေ၊ ပြန်ဆိုတေးတွေလာအပ်ရင် သူများ player တွေက မသိတဲ့ သီချင်း ကျွန်တော် အကုန်သိနေတဲ့ တန်ဖိုးမဖြတ်နိုင်တာတွေကို ရခဲ့ပါတယ်။

ကျွန်တော် သာမန်လူတွေနဲ့ စကားပြောရင် အဆင်ပြေပြစ်အောင်အောက်ကျခံ ပြောဖြစ်ခဲ့တာက လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးအလုပ်လုပ်ဖူးလို့ အောက်ကျနောက်ကျခံ ပြောတတ်သွားတာလည်း အမြတ်တစ်ခု ရခဲ့ပါတယ်။ လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးအလုပ်ကို တက္ကသိုလ်ကျောင်းမတက်ခင် ဝင်လုပ်ခဲ့ရပြီး လက်ဖက်ရည်ဆိုင်လည်း ပိတ်တဲ့ အချိန် ရေကျော်ထဲမှာ အိမ်အထိ ဂီတာ လိုက်သင်ပေးတဲ့ သင်တန်းဆရာအလုပ် လုပ်ခဲ့ပါသေးတယ်။ နောက်ဆုံး တက္ကသိုလ်တက်ရချိန် ဥပဒေမေဂျာနဲ့ ရန်ကုန်တက္ကသိုလ်မှာ စတက်ခဲ့ရပါတယ်။

မျောက်ရှာလို့ ခေါ်ကြတဲ့ အဆောင်လေးတွေမှာ ပထမနှစ်တက်ရပြီး T1, T2 လို့ ခေါ်တဲ့ လိမ္မော်ရောင် အုတ်ခဲတွေနဲ့ Theater အနီမ့်အမြင့်အခန်းမှာ ဒုတိယနှစ် တက်ရပါတယ်။ ၁၉၈၈ ပထမနှစ်တက်ပြီး ကျောင်းက ရှစ်လေးလုံး အရေးအခင်းကြောင့် ဥပဒေ အတူတက်တဲ့ သူငယ်ချင်းအဖေရဲ့ ကန်ထရိုက်တိုက်မှာ မန်နေဂျာ (တကယ်က စတိုခန်းထိန်းရသူပါ) ဝင်လုပ်ခဲ့ရပါတယ်။ နှစ်ဆယ့်နှစ်လမ်းနဲ့ မဟာဗန္ဓုလလမ်းပေါ်က တိုက်ကြီး ပြန်ပြင်တာ ကျွန်တော် မနက် ရှစ်နာရီ တံခါးသော့ကိုင်၊ အလုပ်သမားတွေကို တံခါးစဖွင့်၊ ညနေ ငါးနာရီ၊ ခြောက်နာရီ သူတို့အားလုံးပြန်ရင် သော့ပိတ်ပြီး အိမ်ပြန်ရပါတယ်။

ဟော်လိုဂီတာတစ်လုံး ယူထားပြီး တစ်နေကုန် အားတိုင်း တီးနေတဲ့ ကျွန်တော့်ကို သစ္စာရှိလို့၊ မခိုးမလိမ်လို့ ကန်ထရိုက်ကြီး နှစ်ယောက်က ကြိုက်ပေမဲ့ (သူတို့လုပ်ငန်းကို သူတို့ကိုယ်စား လုပ်ငန်းခွင်ထဲအထိ ဝင်ကြီးကြပ်တာကိုပဲ လိုချင်ပေမဲ့) တစ်နေကုန် ဂီတာတစ်လုံးနဲ့ အားရင်တီးပြီး အလုပ်သမားတွေ အလုပ်နားချိန် ဖျော်ဖြေပေးနေတဲ့ ကျွန်တော့်ကို အလုပ်သမားတွေက တအားချစ်ကြတာမို့ မတီးပါနဲ့ ပြောမရလို့ လွှတ်ထားကြရပါတယ်။

ကျွန်တော့်အတွက် မနက်စာ ရည်မှန်းချက်က ရေကျော်အိမ်ကနေ

mgyoe.com

နှစ်ဆယ့်နှစ်လမ်းကို လမ်းလျှောက်သွားရင်း ကုန်စျေးတန်းလမ်းနဲ့ အနော်ရထာလမ်းထောင့်က နို့ထမင်း တစ်ပန်းကန် တစ်ကျပ်နဲ့ မှန်မှန် စားနိုင်ဖို့ပါ။ မနက်စာကို အဲဒီမှာ ဝင်စားပြီး နေ့လယ် အိမ်ကိုပြန် ထမင်းစားရပါတယ်။ အစ်မတွေက ရုံးသွားခါနီးမှ ချက်လို့ပြီးတော့ ထမင်းချိုင့် ထည့်ယူမယ်ဆိုရင် မမီပါဘူး။ နေ့လယ် အိမ်ပြန် ကားခ အသွား၊ အပြန်ကို သုံးဖို့ မနက်စောစော လမ်းလျှောက်ရပါတယ်။

နေ့လယ် အလုပ်နားချိန် တစ်နာရီအတွင်း အမြန်ပြန်၊ အလုပ်ကို တစ်နာရီထက်ပို နောက်ကျရောက်လို့ ကန်ထရိုက်ကြီးတွေ မိရင် အဆူခံရပါတယ်။ ကျွန်တော် မရှိချိန် အလုပ်သမားတွေ အလုပ်မစကြမှာ၊ ပစ္စည်းတွေ ခိုးထုတ်မှာ စိတ်ပူလို့ နောက်ပိုင်း ကန်ထရိုက်ဦးကံကြီးက ဆယ့်ငါးကျပ်တန် တစ်ရွက်ပေးပြီး နေ့လယ် ဒီနားမှာပဲ စား၊ အိမ်မပြန်တော့နဲ့ဆို ပြောပါတော့တယ်။ ကျွန်တော်က သူ ပေးတဲ့ ငွေနဲ့ သိမ်ကြီးဈေး D ရုံကြီး ပြန်ဆောက်နေတဲ့ မြေပြင်ညီကြီးကို တူးဖော်နေတဲ့ အလုပ်ခွင်ဘေးက လမ်းထဲ ပေတူးနေတဲ့ အလုပ်သမားတွေနဲ့ တိုးဝှေ့ပြီး ထမင်းဝင်စားရပါတယ်။

အကြိုက်ဆုံးဟင်းကလည်း တစ်ခုတည်းပါ။ ဘဲဥကို ကြော်ပြီး ပြန်ချက်တဲ့ ဟင်းနဲ့ ထမင်းပေါ် ဆမ်းပေးလိုက်ပြီး ကန်စွန်းရွက် ရေနွေးဖြော့နဲ့ ငါးပိရည်ကို အလုပ်သမားတွေကြား ထိုင်စားရတာ ကျွန်တော် အကြိုက်ဆုံး ဟင်းပါ။ ညနေအပြန် သိမ်ကြီးဈေး ကုန်တိုက်-၂ အောက်က ရွှေရင်အေး လမ်းဘေးဈေးသည်တွေက တစ်ဝက်ဈေးနဲ့ ရွှေရင်အေးပန်းကန်လေးတွေနဲ့ ရောင်းတာ ကျွန်တော် ဝင်သောက်ပါတယ်။ အုန်းနို့နဲ့ ဒူးရင်းသီးတွေ ပါလို့ ညနေဆို ချဉ်ကုန်မှာ ကြောက်လို့ ဈေးချရောင်းချိန် ကျွန်တော်က အိမ်ကို လမ်းလျှောက်ပြန်ရတော့ အဲဒီဈေးသည်လေးတွေဆီက ဝင်သောက်ပြီး လမ်းတစ်လျှောက် ဟိုငေးဒီငေးနဲ့ အမြဲ ပြန်ခဲ့ပါတယ်။

လူပျိုကလည်း လူပျို၊ ရည်းစားလည်း လုံးဝ မရှိ၊ ဂီတကိုပဲ ဘုရားလို ယုံကြည်မှုနဲ့ အငတ်ငတ်အပြတ်ပြတ် ခံပြီး ဂီတလောကထဲ ဘယ်နေရာက ဝင်ရပါစေ ဝင်မယ်လို့ အမြဲ ကျားချောင်းသလို ချောင်းနေတဲ့ ကျွန်တော့်ဆီ အခွင့်အရေးက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတော့တယ်။ တစ်ရက် နေ့လယ်ခင်း အလုပ်ထဲမှာ တယ်လီဖုန်း ကြိုးဖုန်းတစ်လုံး ဘေးမှာထား ဂီတာတီးနေတဲ့ ကျွန်တော့်ဆီ ဧည့်သည်တစ်ယောက် မထင်မှတ်

mgyoe.com SAMPLE BOOK

ဘဲ အလည် ရောက်လာပါတော့တယ်။

သူက LPJ အဖွဲ့နဲ့ အရင်က Play Boy မှာ Bass guitar တီးခဲ့သူ ဂီတာဟီးရိုးကြီး (ကို)တော်မီကျော်နိုင် ဖြစ်နေပါတယ်။ သူက ကျွန်တော်နဲ့ တွဲတီးဖူးတဲ့ စတိတ်ရှိုးတွေကြောင့် ကျွန်တော့်ကို သိနေတာပါ။ ကျွန်တော့် ဆရာ ကိုခင်မောင်မြင့်ကလည်း ကျွန်တော့်ကို နာမည်ကျော် ဂီတာသမား ဖြစ်စေချင်လို့ သူ တီးဖို့ ရတဲ့ အခွင့်အရေးတိုင်း ကျွန်တော့်ကို ပွဲထုတ်ပေးလို့ ကိုတော်မီတို့လို အဆင့်မျိုးနဲ့ တွဲတီးခွင့်ရချိန် ကျွန်တော်က အသားကုန် ဖြစ်တော့ ကိုတော်မီက ကျွန်တော့် သတ္တိကို အသိအမှတ် ပြုသူပါ။

အခုလည်း စတိတ်ရှိုးတစ်ခု သူနဲ့ လိုက်ခဲ့ဖို့ လာခေါ်ရာက ကျွန်တော့်အတွက် အလုပ်ခွင်နဲ့ ဂီတလောက တစ်ခုခုကို လွှတ်ရတော့မယ် လို့ သိလိုက်ရတဲ့ အခြေအနေ ဖြစ်သွားပါတော့တယ်။ သူက "မနက်ဖြန် တောင်ငူမှာ လွတ်လပ်ရေးနေ့ စတိတ်ရှိုး ရှိတယ်၊ နိုင်ဇော် လိုက်မလား"လို့ မေးရာက ကျွန်တော် ငတ်ခဲ့ရတဲ့ နေ့ရက်တစ်ခု အမှတ်တရ ထပ်တိုးတဲ့ အဖြစ်လေး စပါတော့တယ်။ ။

(ဆက်လက် ရေးသားပါ့မယ်)

နိုင်ဇော် **(Lazy Club)**



mgyoe.com SAMPLE BOOK

## အပိုင်း – ၂

# ကျွန်တော်နဲ့ ငတ်ခဲ့ဖူးသော နေ့ရက်များ

ကျွန်တော့်ဘဝမှာ အဆင်မပြေမှုတွေ၊ အခက်အခဲတွေကို ချပြရမှာမရှက်၊ မကြောက်မိပေမဲ့ တချို့သော မိတ်ဆွေတွေက သူတို့နဲ့ပတ်သက်တာလေး တစ်ခုလောက်ပါသွားရင် ဖြုတ်ပေးပါတို့၊ ဖျက်ပေးပါတို့ ပြောတတ်လွန်းလို့ အမှန်ကို ချပြရတာ တာဝန်သိပ်ကြီးမှန်း ပိုသိလာမိပါတယ်။

တချို့ကလည်း ဇာတ်နာအောင် ရေးတယ်၊ မျက်ရည်ချူပြတယ်တို့ အထင်လွဲနိုင်လို့ ကျွန်တော် တက္ကသိုလ် စတက်တဲ့နှစ် RC2လှိုင်နယ်မြေမှာ ပထမနှစ် တက်တော့ ဆင်းရဲပြီး အဆင်မပြေတဲ့ ကျောင်းသားကို အစိုးရက ကျောင်းလခ မပေးဘဲ တက်ရတာနဲ့ ထောက်ပံ့ကြေးရတာ အဆင့်နှစ်ခု လျှောက်လို့ ရပါတယ်။

ကျွန်တော်က အဖေနဲ့ အမေလည်း မရှိတဲ့ အခြေအနေနဲ့ မောင်နှမတွေက အစိုးရ ဝန်ထမ်းလစာနဲ့ ကျောင်းထားပေးရလို့ အစိုးရက ထောက်ပံ့ကြေး ပြန်ပေးပြီး ကျောင်းလခလည်း မပေးရတဲ့ စတိုင်ပင်အဆင့်ကို ကျွန်တော် ရခဲ့ပါတယ်။ တက္ကသိုလ် တက်တော့လည်း ငါးဆယ့်တစ်ကားကို တွယ်စီးပြီး ဆူးလေက သွားရတော့၊ မိုးရွာရင် တစ်ကိုယ်လုံး ကြွက်စုတ်လို ရွှဲနစ်နေပြီး စာသင်ခန်း နောက်ဆုံးထောင့်မှာ ထိုင်နေရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK
အတန်းတစ်ခုနဲ့ တစ်ခု ကူးချိန် သူငယ်ချင်းကျောင်းသားတွေက ကန်တင်းထိုင်ကြ၊ စားကြ၊ သောက်ကြချိန်၊ အစိုးရထောက်ပံ့ကြေးက ကားခနဲ့ စာအုပ်ဖိုးသာ အလုအယက် သုံးနေရလို့ ဘာမှ မစားမသောက်ဘဲ သူများတွေ ထိုင်ကြတဲ့ ဆိုင် လိုက်ထိုင်ပြီး ထိုင်ခဲ့ရတာ အများကြီးပါ။ ကိုယ် စားပြီး မရှင်းနိုင်ရင် အထင်သေးခံရမယ့် ပြဿနာကို ကြောက်လို့ သူများတွေက ဒကာခံလည်း မစားဖြစ်အောင် သတိထားနေရပါတယ်။ အခက်အခဲ မျိုးစုံကြားထဲ ကျောင်းက ရှစ်ဆယ့်ရှစ် အရေးအခင်းကြောင့် ပိတ်လိုက်၊ ပြန်ဖွင့်လိုက် ခဏခဏ ဖြစ်ပြီး နောက်ဆုံး အကြာကြီး ပိတ်လိုက် ပါတော့တယ်။

အဲဒီလို ပိတ်ရက်ရှည်မှာ အလုပ်တစ်ခုခု ဝင်မှ ဖြစ်မယ် ဆိုပြီး ကန်ထရိုက်တိုက်မှာ ကျွန်တော် မန်နေဂျာ စတိုခန်းထိန်းအလုပ် ဝင်လုပ် ခဲ့ပါတယ်။ မူတိုင်ဘုံကျောင်းရဲ့ အပေါ်ဆုံးခန်းမမှာ ညစာစားပွဲတွေကို အမြဲလို လုပ်ကြပါတယ်။ ကျွန်တော် အလုပ်လုပ်တဲ့ နှစ်ဆယ့်နှစ်လမ်းနဲ့ မဟာဗန္ဓုလ လမ်းပေါ်က တိုက်ရဲ့ ခေါင်မိုးပေါ်က တက်ကြည့်ရင် မောင်ခိုင်လမ်း၊ မူတိုင်ဘုံကျောင်းက ဘေးချင်းကပ်လို ဖြစ်နေလို့ ညနေ အလုပ်သိမ်းပြီ ဆို တီးဝိုင်းသံ ကြားရတာနဲ့ အိမ်မပြန်သေးဘဲ တိုက်ခေါင်မိုးပေါ်တက်ပြီး စတိတ်ရှိုးကို ကြည့်ခဲ့ရပါတယ်။

Aces, Aurora စသည်ဖြင့် နာမည်ကြီး Band ကြီးတွေ ဖျော်ဖြေ နေတာ၊ အဆိုတော်တွေကလည်း ကော်နီ၊ နွဲ့ယဉ်ဝင်း စသည်ဖြင့် တကယ့် အဆိုတော်ကြီးတွေကို ခေါင်မိုးပေါ်က ကျွန်တော် တက်ကြည့်ပြီး ငေးမောခဲ့ ရပါတယ်။ သူတို့နဲ့ နောက်ပိုင်းကျ အလုပ်တွဲလုပ်ခွင့် ရမယ်လို့ မထင်ခဲ့မိ သေးတာ အမှန်ပါ။ မနက်တိုင်း ကျွန်တော် အလုပ်ခွင်ထဲ ရောက်ပြီ၊ တံခါးဖွင့်ပြီဆို ဘေးခန်းက အသက်ငယ်ငယ် တရုတ် ဝတုတ်အစ်ကိုကြီး တစ်ယောက်က မောင်ခိုင်လမ်းထိပ်က နေရှင်နယ်ပေါက်စီနဲ့ လက်ဖက်ရည် လာပို့ပေးတာလည်း အခု သတိတရ ထည့်ရေးလိုက်ပါတယ်။ သူက ထီလက်မှတ်တွေကို အပြားလိုက် စီပြီး လမ်းမပေါ် လမ်းလျှောက်ရောင်းသူပါ။ သူကလည်း မပြည့်စုံသလို အဝတ်အစားကလည်း ဖိုသီဖတ်သီပေမဲ့ ကျွန်တော့် ကို ဘယ်လို ချစ်ခင်မှန်း မသိဘဲ မနက်တိုင်း အလုပ်တံခါး ဖွင့်ပြီးတာနဲ့ သူ ရောက်လာပြီး လက်ဖက်ရည်နဲ့ ပေါက်စီ ပို့ပေးတာ အမြဲ စားခဲ့ရပါတယ်။

ကျွန်တော့်ကိုယ် ကျွန်တော် ရိုးသားတယ်လို့ ထင်နေကြအောင်


mgyoe.com

mgyoe.com SAMPLE BOOK
ရေးရင် အမှန်တကယ် မရိုးသားခဲ့တာတွေလည်း ရေးပြမှ တရားမျှတမယ် ထင်မိပါတယ်။ ကန်ထရိုက်ဦးကံကြီးက ကျွန်တော် အိမ်ပြန်ထမင်းမစားဖို့ ထမင်းဖိုး ဆယ့်ငါးကျပ်တန်တစ်ရွက် အမြဲ ပေးပါတယ်။ ကျွန်တော်က အဲဒီ ဆယ့်ငါးကျပ်ကို ပထမပိုင်း သိမ်ကြီးဈေး D ရုံ မင်္ဂလာ ရုပ်ရှင်ရုံ ပါတဲ့ အဆောက်အအုံကြီး စဆောက်ချိန်၊ အလုပ်သမားတွေ စားတဲ့ ဆိုင် တိုးဝှေ့စားခဲ့ပေမဲ့ နည်းနည်းကြာလာတော့ အချိုးပြောင်းလာပါတော့တယ်။

အဲဒါက အသွားအပြန် အနော်ရထာလမ်းပေါ်က စတိုးဆိုင်တစ်ခုရဲ့ မှန်တံခါးနောက်မှာ ချိတ်ပြထားတဲ့ စတေကာအရုပ် Rock Band ဓာတ်ပုံ တွေ ပါတဲ့ T Shirt အနက်လေးကို တအား လိုချင်လာတာပါ။ အဲဒီအချိန်က ဇော်ဝင်းထွဋ်ရဲ့ Emperor Band က ဆံပင်အရှည်တွေ၊ မျက်နှာကလည်း ရှုပုပ်ပုပ်တွေနဲ့ တီရှပ်အနက် စတေကာပုံတွေ ခေတ်စားချိန် ဆိုတော့ သူတို့လို တအားဈေးကြီးတဲ့ စတေကာ အစစ်တွေ ဗိုလ်ချုပ်ဈေး အရှေ့ဘက် တန်းက West Bank မှာ ရပေမဲ့ ငွေကြေး မတတ်နိုင်တဲ့ ကျွန်တော် အနော်ရထာလမ်း စတိုးဆိုင် မှန်ခန်းထဲ ပြထားတဲ့ ရောင်စုံ Rock Band စတေကာလေး လိုချင်လို့ ငွေစုရပါတယ်။

စုနည်းက ကန်ထရိုက်ကြီး ပေးတဲ့ ထမင်းဖိုး ဆယ့်ငါးကျပ်တန် တစ်ရွက်ကို ကားခ နှစ်ကျပ်နဲ့ အသွား၊ အပြန် တစ်နာရီတည်း ရအောင် အိမ်ခိုးပြန်ပြီး ထမင်းစား၊ ဆယ့်သုံးကျပ်ကို တီရှပ် ဝယ်ဖို့ စုရတာပါ။ မနက်တိုင်း အနော်ရထာနဲ့ ဆူးလေထိပ်က အဲဒီတီရှပ်လေးကို အသွား၊ အပြန် အမြဲငေးပြီး ငါ တစ်လအတွင်း ဝယ်နိုင်ရမယ်လို့ အမြဲတွေးပြီး ငွေစုရတာလည်း အမှန်ပါ။

ကန်ထရိုက် ထမင်းဖိုး ပေးသမျှ ခိုးစုပြီး ငွေပြည့်တဲ့ ညနေ၊ လက်ထဲ စုသမျှ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး လမ်းလျှောက်ချိန် ခြေထောက်က မြေကြီးနဲ့ မထိသလိုကို ပျော်နေမိပါတယ်။ ဆိုင်ရှေ့ရောက်ချိန် ပြထားတဲ့ တီရှပ်အနက်လေး မရှိတော့ပါဘူး။ ဆိုင်ထဲဝင်ပြီး အရှေ့မှာ ပြထားတဲ့ တီရှပ်အနက်လေး လိုချင်လို့ပါ ဆိုတော့ ညနေကပဲ ရောင်းလိုက် ပါပြီတဲ့။

ဘဝမှာ တီရှပ်တစ်ထည်အတွက် အသည်းကွဲခဲ့ရတာ ဘယ်သူမှ ကျွန်တော့်လောက် ခံစားဖူးမယ် မထင်မိအောင် အပြန်လမ်းက အသက်မဲ့ ဖူးပါတယ်။ အဲဒီအချိန်က စတေကာတီရှပ် ပေါ်ခါစမို့ သဘော်သားတို့၊
mgyoe.com

mgyoe.com SAMPLE BOOK
နိုင်ငံခြားက ပြန်လာသူတွေ ပါလာတာကိုပဲ ဝိုင်းဝယ်ကြရတာပါ။ အခုခေတ် လို မှိုလိုပေါက်နေတဲ့ တီရှပ်စတိုးဆိုင်တွေခေတ် ကြီးခဲ့ရသူ ကလေးတွေက ကျွန်တော့်အဖြစ်ကို နားလည်မယ် မထင်မိပါဘူး။

တစ်ခါကလည်း Pepsi Cola ဆိုတာ ဖန်ပုလင်းလေးနဲ့ မြန်မာပြည်မှာ စထုတ်ပါတယ်။ ကျွန်တော်က ကိုကာကိုလာလောက် သိပေမဲ့ ပက်ဆီကိုလာကို မသောက်ဖူးပါဘူး။ အပြင်ကို စထွက်တဲ့နေ့ TV ကြော်ငြာကလည်း လှုံ့ဆော်အားကောင်းတော့ အရသာကို မတရား သိချင်၊ သောက်ချင်မိပါတယ်။ မဟေမာနေဝင်းက ပက်ဆီကိုလာ ဆိုတဲ့ သီချင်းလည်း သူ့အခွေထိပ်ဆုံးမှာ ပါဖူးပါတယ် (ကြော်ငြာ မဟုတ်ဘူးနော်)။ ကျွန်တော် ပက်ဆီကိုလာကို သိပ်သောက်ချင်နေတော့ ထမင်းဖိုး ပေးလိုက်တဲ့ ငွေကို Pepsi အေးအေးပါတဲ့ ဖန်ပုလင်းတစ်လုံး ဝယ်သောက်ပြီး ထမင်းမစားဘဲအငတ်နေခဲ့ဖူးပါတယ်။ အခု အရာရာကို ပြည့်စုံအောင် နေနိုင်၊ စားနိုင်၊ သောက်နိုင်ချိန် ငယ်ငယ်က အဝတ်အစား မပြည့်စုံ၊ အစားအသောက် မစားနိုင်တဲ့ ဘဝလေးကိုပဲ တစ်ခါတစ်ခါ ပြန်သတိရ တမ်းတနေမိပါတယ်။

ကျွန်တော် အဲဒီလို အလုပ်ဝင်လုပ်ပြီး ဂီတလောကထဲ မဝင်ရတော့တဲ့အချိန်၊ အလုပ်တံခါးဝမှာ ပြုံးပြုံးကြီး ရောက်လာတဲ့ ကိုတော်မီကျော်နိုင်ကို တွေ့တော့ အံ့ဩနေမိပါတယ်။

ကျွန်တော့်အိမ် သူ သွားတော့ ကျွန်တော် အရင်လို လမ်းပေါ်လတ်လျားလတ်လျား မနေဘဲ၊ အလုပ်လုပ်နေလို့ အိမ်က ကိုတော်မီကို အလုပ် လိပ်စာ ပေးလိုက်တာပါ။ ကိုတော်မီက တောင်ငူ လွှတ်လပ်ရေးနေ့ပွဲစတိတ်ရှိုး အကြီးကြီး တီးကြမှာ၊ နိုင်ဇော် လိုက်ခဲ့ပါလား ခေါ်ဖို့ လာတာပါ။ ကျွန်တော်က ခရီးစရိတ်မရှိ၊ စားစရိတ်မရှိလို့ ငမွဲဘဝနဲ့ လိုက်ရမှာ အားနာနေမိပါတယ်။ ကိုယ်က ပရိအဆင့် မဟုတ်တဲ့ အပျော်တမ်းကို ဘယ်သူက အကုန်အကျခံ ခေါ်မလဲ သိနေလို့ပါ။

ကိုတော်မီက ကားခ၊ လမ်းစရိတ်၊ စားစရိတ် အကုန် သူ ခံမယ်၊ နိုင်ဇော် အခုချက်ချင်း လိုက်သာ လိုက်ခဲ့ပါ ဆိုတော့ တော်တော် ထူးဆန်းနေပါတယ်။ ကျွန်တော့်လို ချာတိတ် ဂီတာရူးကို တကယ့် နာမည်ကြီး ပလေယာကြီး၊ အဆိုတော်ကြီးက လာခေါ်နေတော့ ငြင်းရမှာလည်း ခက်ပါတယ်။

ကန်ထရိုက်ကလည်း ကျွန်တော့်ကို ခရီးသွားခွင့် မပေးထားဘဲ၊

mgyoe.com SAMPLE BOOK

အလုပ်သမားတွေကို ကြီးကြပ်ပေးဖို့ တာဝန် ပေးထားလို့ ကျွန်တော် အခုလို သူ့ ခေါ်ရာလိုက်ပြီး အလုပ်ကို ပစ်ထားခဲ့ရင် ပြန်လာတော့ အလုပ်က ကျိန်းသေ ပြုတ်မှာပါ။ ကိုတော်မီကလည်း ညနေ သုံးနာရီ ဆင်မလိုက် အဝေးပြေးကားကွင်း (အဲဒီအချိန်က အောင်မင်္ဂလာကားဂိတ် မပေါ်သေးပါ) က တောင်ငူ ထွက်မယ့် ကားကို လိုက်စီးရမှာမို့ အဝတ်အစား အိမ်ပြန်ယူပြီး သူနဲ့ ကားဂိတ် တန်းဆင်းရမယ့် အခြေအနေပါ။ ကျွန်တော်က ဂီတာသမား ဖြစ်ချင်နေသူမို့ အခုလို ပွဲကြီးက ခေါ်တာ ငွေတစ်ပြားမှ မရလည်း တီးမယ့် ဂီတရူးပါ။

ခက်တာက ကိုယ်က အလုပ်ခွင်ထဲက စတိုခန်းတွေ၊ ဂိုဒေါင်တွေကို ခတ်တဲ့ သော့၊ တံခါးသော့ အကုန် ကိုင်ရတော့ ဒါတွေ ကျွန်တော် ယူသွားလို့ကလည်း မရ။ ထားခဲ့လို့ ပစ္စည်းတွေပျောက်ရင်လည်း ပြဿနာ တက်မှာ ကြောက်ရပါတယ်။ ကန်ထရိုက်ကြီး နှစ်ယောက်စလုံးကို ဖွင့်ပြောပြီး လိုက်သွားတော့မယ် ဆုံးဖြတ်ပြီး သူတို့ အိမ်ဖုန်းတွေ ဆက်တော့ နှစ်ယောက် စလုံး အိမ်မှာ မရှိကြပါဘူး။ ကိုယ့်ဆရာတွေက ယုံကြည်လို့ ပေးတဲ့အလုပ်ကို သစ္စာမဖောက်ဘဲ နေမလား၊ ကိုယ် ဖြစ်ချင်တဲ့ ဂီတာသမားတစ်ယောက် အဖြစ် ခဏလေး စင်ပေါ် တက်ရဖို့ အချိန် တစ်နှစ်လောက် လုပ်လာတဲ့ အလုပ်ကို သစ္စာဖောက်ရမလား၊ ကျွန်တော် ဝေခွဲရ ခက်နေပါတော့တယ် (အခုခေတ်လို ဟန်းဖုန်းတွေ ရှိရင်တော့ ပြဿနာ မဟုတ်ဘူးလေ)။

နောက်ဆုံး ဂီတကိုပဲ ရွေးမယ် ဆုံးဖြတ်ပြီး ကျွန်တော် စိတ်ချရတဲ့ ပန်းရန်ဆရာလေး မောင်မောင် (သူက ကျွန်တော့်ကို ရဲဘော်ရဲဘက် တစ်ယောက်လို ခင်လို့၊ ချစ်လို့၊ စိတ်ချရလို့) ကို ရှင်းပြပြီး တံခါးသော့၊ ဂိုဒေါင်သော့တွေ၊ စတိုခန်းသော့တွေ အကုန်အပ်ပြီး ကန်ထရိုက်တွေကို ကျွန်တော် စတိတ်ရှိုးတီးဖို့ လာငှားတာ လိုက်သွားပြီလို့ အမှာစကားပါးပြီး အိမ်ပြန် အဝတ်အစား ရှိသမျှ အစုတ်လေးတွေ အိတ်ထဲထည့်၊ ကိုတော်မီ ကျော်နိုင် ခေါ်ရာ လိုက်ခဲ့ရပါတော့တယ်။

ငွေလည်း မရှိ၊ ဂီတာလည်း တစ်လုံးမှ မပိုင်၊ လက်ချည်းသက်သက် အိတ်အဟောင်းလေးကိုင်၊ ဆင်မလိုက်ကနေ တောင်ငူကို သွားမယ့် ခရီးသည်တင်ကားပေါ် ကျွန်တော် ရောက်နေချိန်၊ တောင်ငူမှာ တကယ့် နာမည်ကြီး အဆိုတော် အများကြီးက စောင့်မျှော်နေရတဲ့ ပွဲအကြီးကြီး ကျွန်တော် တီးရတော့မယ်မှန်း မသိသလို၊ ကျွန်တော့်ကို ဘာကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

ချက်ချင်းကြီး ကိုတော်မီ တောင်ငူကနေ ရန်ကုန် ပြန်လာခေါ်သလဲ ကျွန်တော် မသိသေးပါဘူး။ သေချာတာကတော့ မကြာခင် ကျွန်တော် မကြုံဖူးတဲ့ စင်မြင့်ကျယ်ကြီး၊ မမြင်ဖူးတဲ့ အဆိုတော် အစစ်တွေ၊ မယုံနိုင်လောက်တဲ့ ပရိသတ်ကြီးနဲ့ ဆုံရမယ် ဆိုတာ သူတို့က သိပေမဲ့ ကျွန်တော်က ရင်တထိတ်ထိတ်နဲ့ ဘုမသိ၊ ဘမသိ ခရီးထွက်လာမိတဲ့ လူငယ် ဂီတာသမား တစ်ယောက်ရဲ့ ဘဝအစမှ တကယ့်အစပါ။ ။

(ဆက်လက် ရေးသားပါဦးမယ်)

နိုင်ဇော် (Lazy Club)





mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း – ၃

# ကျွန်တော်နဲ့ ငတ်ခဲ့ဖူးသော နေ့ရက်များ

စာရေးရင်း ဂီတအလုပ်တွေ လုပ်နေရတဲ့ ကျွန်တော်၊ တစ်ခါတစ်ခါ စာရေးဖို့ ဘယ်လိုမှစိတ်ထည့်လို့မရအောင် ပင်ပန်းတဲ့အချိန်တွေရှိလို့ အခု စာစုအပိုင်းသုံးမရေးနိုင်သေးခင် ကောင်းခန်းမှာခဏရပ်ပြီး အခုမှ ဆက်ရေးနိုင်လို့ စောင့်ဖတ်နေသူတွေကိုလည်း တောင်းပန်ပါတယ်။ တကယ့်အဖြစ်တွေကို ပြန်ရေးပြချိန် အဓိက အကြောင်းက လူငယ်တွေ မျှော်လင့်ချက်မရှိဘူးဆိုပြီး စိတ်ဓာတ်မကျဖို့၊ ထင်ရာမလုပ်ဖို့ရည်ရွယ်ရေးတာပါ။

ကျွန်တော်က ခဏခဏ ကျရှုံးဖူး၊ သစ္စာဖောက်ခံရဖူးပေမဲ့ တစ်ခါမှ နောက်ဆုတ် မပြေးပါဘူး။ ပြေးဖို့ စိတ်လည်း မကူးပါဘူး။ ဒါကြောင့် နေရာ တစ်နေရာ ရတယ် ဆိုတာကို သက်သေပြချင်လို့ အခုစာစုလေး အပင်ပန်းခံ ရေးနေတာပါ။

တောင်ငူကို စတိတ်ရှိုးကြီး ပထမဆုံး တီးဖို့ ကိုတော်မီကျော်နိုင် ခေါ်သွားချိန်၊ ညကြီး တောင်ငူ ရောက်ပြီး တည်းခိုရိပ်သာလို နေရာလေးမှာ အိပ်ဖို့နေရာ ရပါတယ်။ မနက်ကျတော့ ကျွန်တော်နဲ့ အတူတူ တီးရမယ့် ပလေယာတွေကို ကိုတော်မီက မိတ်ဆက်ပေးပါတယ်။

ကျွန်တော်နဲ့ အတူတီးရမယ့် lead player က ဘယ်သန် လူငယ်

mgyoe.com

mgyoe.com SAMPLE BOOK
တစ်ယောက်ပါ။ ကျွန်တော့်ထက် ကြီးပါတယ်။ သူနဲ့ ကျွန်တော် နှစ်ယောက် အတူ တီးရမှာပါ။ rhythm ကလည်း ဇော်ထွန်း ဆိုတဲ့ လူငယ်ပါ (သူက အခု သဲတော ဝမ်းတွင်း ပြန်သွားပါတယ်)။ drum က ဇော်မင်းအောင်လို့ ခေါ်ပါတယ် (သူက နောက်ပိုင်း ဆည်မြောင်းမှာလည်း အလုပ်ဝင်ပြီး drum လည်း တီး၊ မင်္ဂလာ အခမ်းအနားမှူးလည်း လုပ်ပါတယ်)။ သူတို့ တစ်တွေက ကိုတော်မီကျော်နိုင်တို့ ပထမ နေခဲ့တဲ့ ဖဆပလ ရပ်ကွက်က ဂီတာသမားတွေ စုစည်းထားတာပါ။

ကီးဘုတ်ပညာရှင်ကို ကျွန်တော် မတွေ့ရပေမဲ့ bass က ကိုတော်မီကျော်နိုင်လို old service ကြီး ပါနေလို့ စိတ်မပူမိပါဘူး။ တကယ့်ပွဲကြီးကို အသံမစမ်းခင် မနက် ဟော်လိုဂီတာလေးတွေနဲ့ သီချင်းတိုက်ကြချိန် first lead နေရာ ဘယ်သူယူကြမလဲ တွေးမိပေမဲ့ ကျွန်တော်က ညှော်သည်မို့ ဒုတိယ ဂီတာသမားနေရာကနေပဲ တီးကြည့်ပါတယ်။

တကယ်တမ်း သူတို့ ပြင်ဆင်ထားတဲ့ notes တွေနဲ့ သူတို့ဘာသာ တီးနေချိန် ပြဿနာ မရှိပေမဲ့ တကယ့်မျက်မြင်ကိုယ်တွေ့ လက်တန်းတီးရမယ့် notes တွေ၊ အလွတ်တီးရမယ့် solo တွေကျ သူတို့ဂီတာသမားက အဆင်သင့်မဖြစ်တာ တွေ့နေရလို့၊ ကျွန်တော်ဝင်မတီးလို့ မဖြစ်ချိန် ဝင်တီးပေးရင်း ကျွန်တော်က ပထမ ဂီတာသမားအဖြစ် မရည်ရွယ်ဘဲ အခွင့်အရေး စရလာခဲ့ပါတယ်။

ကိုတော်မီကလည်း သူ့ဂီတာသမားနဲ့ နာမည်ကျော် အဆိုတော်တွေ အဆင်မပြေနိုင်ဘူးဆိုတာ ရိပ်မိပြီး ကျွန်တော့်ကို ရန်ကုန် ပြန်ဆင်းခေါ်မှန်း နည်းနည်းတော့ သိပါပြီ။ ခက်တာက မူရင်းဂီတာသမားကိုလည်း အားနာမိနေလို့ လွတ်လွတ်လပ်လပ် မတီးရတာလည်း သိနေမိပါတယ်။

(စက်ချိန်) အသံစမ်းဖို့ သွားကြမှ တောင်ငူမြို့ရဲ့ ဘောလုံးကွင်းကြီးထဲမှာ စတိတ်ခုံ အကြီးကြီး ပြင်ဆင်ထားတာ မြင်ရပါတယ်။ ကျွန်တော်နဲ့ အတူ တီးပေးမယ့် ကီးဘုတ်ပညာရှင်က စင်မြင့်ပေါ်မှာ အကုန် ပြင်ဆင်နေပါပြီ။ သူက ကိုဗညားနိုင် (ယခု Iron Cross) ဖြစ်နေကြောင်း တွေ့လိုက်ရပါတယ်။ ကိုဗညားက အဲဒီအချိန်က Aurora Band မှာ တီးနေတဲ့ ကီးဘုတ်ပညာရှင်ပါ (IC က ရှိနေပေမဲ့ အခုလို နာမည် မကြီးသေးပါဘူး)။ drum ကို မန္တလေး Shells Band က ကိုခင်မောင်ကြည် (ယခု ကွယ်လွန်) က တီးပါတယ်။

mgyoe.com SAMPLE BOOK

(ကိုတော်မီတို့ ဖဆပလက လူငယ်တွေက သူတို့နဲ့ ပတ်သက်တဲ့ အဆိုတော်တွေ တီးပေးဖို့ဖြစ်ပြီး ကျန်တဲ့ နာမည်ကြီး အဆိုတော်ကြီးတွေ တက်လာသမျှ၊ ကြော်ငြာသမျှ ကျွန်တော်က သူတို့ ပေးတဲ့ notes တွေ အကုန် လက်တန်းတီးပေးဖို့ notes ရတဲ့ ကျွန်တော့်ကို ကိုတော်မီ ခေါ်လာ တာမှန်း အခုမှ သိရပါတော့တယ်)

ကြော်ငြာဘုတ် အကြီးကြီးမှာ နာမည်ကြီး အဆိုတော်၊ ရုပ်ရှင် မင်းသား၊ မင်းသမီး အကုန်နီးပါး တွေ့ရပါတယ်။ အဲဒီအချိန်က တစ်နိုင်ငံ လုံး အပေါက်ဆုံး သီချင်းအခွေ ကျွန်တော် မှတ်မိနေပါတယ်။ ဘာလို့လဲ ဆိုတော့ မနက်မိုးလင်းတာနဲ့ တောင်ငူတစ်မြို့လုံးက အသံချဲ့စက် လော်စပီကာ တွေနဲ့ လက်ဖက်ရည်ဆိုင် အားလုံးလိုလို၊ ဘယ်နေရာဖြတ်ဖြတ် ကြားနေရ တာ မင်းသားစိုးသူရဲ့ ကြိုပါကွယ် အခွေပါ။

ကိုယ့်ရဲ့ ဘုရင်မကစပြီး သိပ်ချစ်တာ သူအသိပါကွယ်၊ မိုးရွာတဲ့နေ့ အသက်ရှင်ခြင်း၊ လာအမြဲလာတို့၊ ကြိုပါကွယ်၊ အဖြူရောင်ရော့ခ်အင်ရိုး စသည်ဖြင့် တစ်ခွေလုံး ကျွန်တော်တို့အလွတ်ရအောင်ကြားရသလို တစ်နိုင်ငံ လုံး စိုးသူမှစိုးသူပါ။ TV မှာလည်း အဲဒီသီချင်းလေးတွေကို ဇာတ်လမ်းဆင် ထားတဲ့ အချစ်ရိပ်အောက်မှာ MTV ဇာတ်လမ်းလေး ကျွန်တော်တို့ ကြည့်ရ တော့ မြန်မာ့ရုပ်မြင်သံကြား တစ်ခုပဲ စောင့်ကြည့်ကြရတဲ့ ကျွန်တော်တို့ အဲဒီသီချင်းခွေကိုလည်း အလွတ်ရအောင် နားထောင်မိ ကြပါတယ်။

ရန်အောင်၊ ရဲအောင်၊ ခိုင်ခင်ဦး စသည်ဖြင့် ရုပ်ရှင်ဘက်က စတားတွေ ပါသလို၊ အဆိုဘက်ကလည်း ခိုင်ထူး၊ ဇော်ဝင်းရှိန်၊ ချစ်ကောင်း ကစလို့ အဆိုတော် အများကြီးမှ အများကြီး ကျွန်တော် စတွေ့ရချိန် သိပ်ပျော်မိပါတော့တယ်။ ကျွန်တော်တို့ ရေကျော်မှာ အဆိုတော်ကြီး အသံတူသူ သူငယ်ချင်းတွေနဲ့ လေ့ကျင့် တီးခဲ့ရတာ၊ အခု အဆိုတော် အစစ်တွေကို တီးရတော့မယ် ဆိုတော့ ကျွန်တော် သိပ်ကို ကျေနပ်မိပါတယ်။

စင်မြင့်ပေါ်မှာ သီချင်း စတိုက်မှာက အဆိုတော် ကိုခိုင်ထူးပါ။ သူက အဲဒီအချိန်က ကိုလေးဖြူလို နေရာမှာပါ။ သူနဲ့မှ စတိတ်ရှိုး ပိတ်လို့ ရပါတယ်။ သူ အရင်ဆိုရင် သူ ဆိုပြီးပြီဆို ပရိသတ် အကုန်ပြန်ကြလို့ သူ့ကို အပိတ်မှာ အမြဲ ထားရသူပါ။ သူက ဟော်လိုဂီတာကို လွယ်ပြီး သီချင်းတစ်ပုဒ် ပန်းတစ်ဆုပ်ကို စဆိုပါတယ်။ ကျွန်တော်က မူရင်းဂီတာ ပညာရှင် သူ့သူငယ်ချင်း ကိုမိုးကျော် တီးသမျှ အကုန်လိုက်တီးနိုင်တော့

mgyoe.com

mgyoe.com SAMPLEBOOK

သူ ကျော်နပ်သွားပြီး နောက်ထပ်အသစ်တစ်ပုဒ် ထပ်တိုက်ရင်း သူ မသိတဲ့ အမည်မသိ ဂီတာသမား လူငယ် (ကျွန်တော့်ကို) မသင်္ကာ ဖြစ်လာပုံ ရပါတယ်။

ဂီတာသမား တော်တော်များများဟာ သူတို့ ရတဲ့ သီချင်းတွေ ပြန်တီးခိုင်းရင် ပလူပျံအောင် တီးကြပေမဲ့ သူတို့ မကြားဖူးတဲ့ သီချင်း၊ သူတို့ မတီးဖူးတဲ့ notes အစိမ်းတွေ တီးရရင် စာမေးပွဲ ကျကြပြီး ခွေးအ,ကြီး လှည်းနင်းခံရသလို ယောင်အအ အီတီတီ ဖြစ်ကုန်တတ်ပါတယ်။

သူက ကျွန်တော် သူ့သီချင်းတွေကို အလွတ်ရလို့ notes ကို ဟန်ဆောင် ကြည့်တီးနေသလား မသင်္ကာဘူး ထင်ပါရဲ့။ သူ ဆိုမယ်ဆိုပြီး notes တစ်စုံ အားလုံးကို ပေးပြီး ကျွန်တော့်ကို စာမေးပွဲ စစ်ပါတော့တယ်။ သူ ထုတ်ပေးတာက သူ့ရဲ့ နာမည်ကြီးသီချင်း တေးမြုံ့ငှက်ပါ။ ကျွန်တော် တစ်ခါမှ မတီးဖူးသလို၊ ဆိုတဲ့ သူလည်း ကျွန်တော့် သူငယ်ချင်းထဲမှာ မရှိကြပါဘူး။

သူ့မူရင်း intro က key တွေ တစ်မျိုးပြီး တစ်မျိုး ချိန်းတီးတာ၊ သူ ယူလာတဲ့ notes က ရေးထားတာ တိကျတာရော၊ ကျွန်တော့်ကို တွဲတီး နေကျသူ ကိုတော်မိ (bass)၊ ကိုဗညား (kb)၊ ကိုခင်မောင်ကြည် (drum) အကုန်လုံးက သမ္ဘာရင့်သူတွေမို့ ကျွန်တော် စိတ်ပူစရာ မလိုတာကြောင့် လှလှပပ အမြင်ကို notes အတိုင်း တီးပြလိုက်တော့ ကိုခိုင်ထူး သဘောကျ သွားပြီး ကျွန်တော့်ကို စကားလာပြောပါတယ်။

"ခင်ဗျားနာမည် ဘယ်လို ခေါ်လဲ" တဲ့။

ကျွန်တော်က "နိုင်ဇော်လို့ ခေါ်ပါတယ် အစ်ကို" လို့ ခပ်ကြောက်ကြောက် ပြန်ပြောလိုက်ပါတယ်။ သူ ပြန်ပြောတာ အခုထိ မှတ်မိနေပါတယ်။

"ခင်ဗျား တီးတာ မဆိုးဘူး" လို့ ပြောပြီး "ကိုဘွဲ့မှူးလည်း တပည့်လေး တစ်ယောက်ကို ခေါ်လာပြီး တီးခိုင်းတယ်၊ ရေရေလည်လည် တီးတာ၊ ကျွန်တော် သူ့ဆီက ဂီတာ ယူပြီး တီးမှ ရပ်သွားတော့တယ်၊ နတ္တလင်းပွဲ (နေရာတော့ မသေချာပါ) မှာ ကျွန်တော် တွေ့ခဲ့တယ်၊ ခင်ဗျားလိုပဲ အသားကုန် တီးတာ" လို့ သူက ရယ်ရင်း ပြောပါတယ် (သူ ပြောတဲ့ ဂီတာသမားက နောက်ပိုင်း ချစ်စမ်းမောင်လို့ နာမည်ကြီး Iron Cross Band ရဲ့ ဂီတာပညာရှင် ဖြစ်သွားပါတယ်)။

တောင်ငူပွဲက အဲဒီအချိန်က သစ်တောဝန်ကြီး တာဝန်ယူခဲ့တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုလ်ချုပ်ချစ်ဆွေရဲ့ သမီး အဆိုတော် စန္ဒီချစ်စုက တာဝန်ယူပုံ ရလို့ သူနဲ့ ပတ်သက်တဲ့ အနုပညာရှင်တွေ အများကြီးနဲ့ ကျွန်တော် တီးခွင့်ရခဲ့တဲ့ ပထမဆုံးပွဲပါ။ မင်းသမီး ခိုင်ခင်ဦးက သိပ်ကိုလှပ နာမည်ကြီးနေချိန်၊ ကျွန်တော် တီးခဲ့တဲ့ အဲဒီပွဲကြီး တကယ်တီးတော့ သူ ဝတ်လာတဲ့ အသားကပ် ဝတ်စုံ အစိမ်းက ရေသူမတစ်ယောက်လို တစ်ကိုယ်လုံး မြင်ရမတတ်၊ အဲဒီခေတ် မျက်စိနဲ့ဆို တော်တော်ကြမ်းတာ ကျွန်တော် သတိထားမိပြီး မကြည့်ရဲခဲ့ပါဘူး။ (နောက်ပိုင်း သူ့ကို ရိုက်ကူးခွင့် ငါးနှစ်ပိတ်တယ် သတင်း ထုတ်ပြန်ချိန်၊ ကန်တော်ကြီး စတိတ်ရှိုးမှာ သူ ဝတ်တဲ့ တီရှပ် ပခုံးက လျှောကျတာကြောင့်ပဲ သူ့ကို ပိတ်သလို ထင်နေကြလို့၊ အဲဒီခေတ်က သူ အဲဒီလို အသားကပ်နဲ့ ထိုင်နေတဲ့ ပုံ ဂျာနယ်တစ်ခုမှာ သတင်းတက်လာ တာ ထင်ပါတယ်၊ ကျွန်တော် မြင်ဖူးလို့ ကျွန်တော် တီးခဲ့တဲ့ တောင်ငူပွဲက ပုံလို့ သိနေပါတယ်၊ အဲဒီ video လည်း ကြည့်ဖူးပါတယ်) အခု ပြန်တွေ့ခဲ့ ရင် ပထမဆုံး စင်မြင့်ပေါ်မှာ ကျွန်တော် အနောက်က ဂီတာတီးနေတာ ပြန်တွေ့ရမှာပါ။ ကျွန်တော့် စိတ်ထင် တောင်ငူပွဲ video ကြောင့် လူကြီးတွေ စိတ်ဆိုးတယ် ထင်ပါတယ်။ ကန်တော်ကြီးက ဘာမှ ပြဿနာ မဟုတ်ပါဘူး (အသေးစားလေးလောက်ပါ)။

ကိုရန်အောင်၊ ကိုရဲအောင်အပြင် ထူးဆန်းတာ မင်းသမီးကြီး ဒေစီကျော်ဝင်းပါ ပါလာလို့ သူ ဆိုတဲ့ ရွှေဖိုးခေါင် သီချင်း notes ပါမလာတာ၊ ကျွန်တော် လက်တန်း တီးပေးခဲ့ပါတယ်။

ကိုဇော်ဝင်းရှိန်က သူ့သီချင်းတွေ သူ ဆိုပြီးချိန် Evil way သီချင်း မှာ drum ပါ တီးပြီး ဆိုတော့ ကျွန်တော် ကိုဇော်ဝင်းရှိန်ကိုလည်း အားရပါးရ အသားကုန် တီးပေးရ၊ အတူ လက်စွမ်းပြရတာ ပျော်စရာကြီးပါ။ အဆိုတော်တွေ၊ မင်းသားတွေ လာသမျှ သီချင်းအကုန် notes ရှိရှိ၊ မရှိရှိ အကုန် လမိုင်းကပ်ပြီး အသားကုန် စိတ်ထင်တိုင်း တီးနေတဲ့ ကျွန်တော်၊ မင်းသားစိုးသူ ဆိုမယ့် အလှည့်မှာ တအားတီးချင်ပေမဲ့ စင်ပေါ်က ဆင်းပေး လိုက်ရပါတယ်။

အဲဒါက ကိုစိုးသူက သူ ဆိုမယ့် သီချင်းတွေကို Aurora Band ကို သီးသန့်တီးပေးဖို့ ငှားလာလို့ပါ။ ကျွန်တော်က ကိုစိုးသူ သီချင်းတွေ ထဲက အခက်ဆုံး တီးပြရမယ့် သီချင်းကို ကြိုပြီး သိနေပါတယ်။ အဲဒီ သီချင်းက စိတ်ချထားပါ။ မူရင်း Emperor တီးထားတာ အထပ်ထပ် ပြန်



mgyoe.com

mgyoe.com

နားထောင်၊ notes လည်း walkman ကက်ဆက်လေးနဲ့ အထပ်ထပ်ရစ်ပြီး လေ့ကျင့်ပေမဲ့ ဘယ်လိုမှကို live တီးလို့ မရနိုင်သေးတဲ့ အဆင့်ပါ။ ကိုစိုးသူက Aurora ခေါ်လာတော့ ဂီတာက ကိုပက်ထရစ် ပါမလာပါဘူး။ ကိုထူးထူးက 1st lead တီးမယ်လို့ သိရပါတယ်။ ကိုပက်ထရစ်က 1st lead တီးပြီး ကိုးထူထူးက 2nd lead သမားပါ။ အခု ကိုပက်ထရစ် ပါမလာတော့ ကျွန်တော့်စိတ်ထဲ ကိုထူးထူး ဘယ်လို တီးမလဲ တစ်ခါမှ မကြည့်ဖူးလို့ စိတ်ဝင်တစား စင်အောက်က ကြည့်နေမိပါတယ်။

bass က ကိုစောဒစ်ဆင်ပါ။ drum က ကိုစိုင်းသာဌေးပါ။ ကီးဘုတ်ကိုဗညားက နဂိုကတည်းက section တီးပေးနေတော့ သူက ဆင်းပေးစရာ မလိုဘဲ ဆက်တီးပါတယ်။ တောင်ငူဘောလုံးကွင်းအပြည့် ပရိသတ်ကြီးက အလွန်အေးတဲ့ ဇန်နဝါရီ ၄ ရက် ညနှင်းတွေကြား ကိုစိုးသူကို တအား အားပေးကြချိန်၊ ကိုစိုးသူကလည်း တကယ့်ကို ရော့ခ်ကာတွေလို လည်သာဂျက်ကက်၊ ကန်းထရီးလည်ရှည်ဖိနပ်၊ လည်သာဘောင်းဘီ၊ ခေါင်းမှာလည်း လက်ကိုင်ပဝါ စည်းပြီး သူ့နာမည်ကျော် သီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ဆို၊ ဆယ်ပုဒ်လောက် ဆိုပြီးချိန် Aurora Band ကို ကျွန်တော်ခုနကရေးပြတဲ့ စိတ်ချထားသီချင်းနဲ့ လက်စွမ်းပြမိတ်ဆက်ပါတယ်။

ကျွန်တော် ကိုပက်ထရစ် မလိုက်လာလို့ ကိုထူးထူး ဂီတာတီးနေတာ တိုင်ပတ်ပြီ ထင်မိလိုက်တာ အမှန်ပါ။ တကယ်တမ်း Aurora ရဲ့ ဒုတိယ lead သမား တီးပြတာ သီချင်းအကုန် နားထောင်ချိန် သိလိုက်ရတာက၊ ကျွန်တော့်စိတ်ထင် ကိုထူးထူးက ကိုပက်ထရစ်ထက် Rock music တီးပြတာကို ပိုပြီးမိုက်လို့ ကျွန်တော် ကြိုက်သွားမိသလို၊ စိတ်ချထားမှုရင်း solo ကျွန်တော် ဘယ်လိုမှ live မတီးနိုင်သေးတာ သူ အတိအကျ တီးပြတာ နားထောင်ရင်း ကျွန်တော် သူ့ကို ဘယ်လိုမှ မမီတာ သိလိုက်ပါတယ်။ (သူက နောက်ပိုင်း Aurora မှာ bass ပြောင်းတီးဖို့ ဆုံးဖြတ်လိုက်လို့ သူ့လက်စွမ်းကို မြင်မိတဲ့ ကျွန်တော် နှမြောမဆုံး ဖြစ်မိပါတယ်။ သူက အခု ကွယ်လွန်သွားခဲ့တာ ကြာပါပြီ)

ကျွန်တော် စင်ပေါ် ပြန်တက်ခွင့်ရချိန် ပွဲသိမ်းခါနီး ကိုတော်မီကျော်နိုင်ရဲ့ (Smoke on the water) (high way star) သဘော်သသားကားစတဲ့ အပြင်းစား ရော့ခ်သီချင်းတွေမှာ အသားကုန် စင်ရှေ့ ကိုတော်မီနဲ့ အတူတူ လက်စွမ်းပြ ထွက်တီးရတဲ့အထိ ပွဲကို ကျွန်တော် စီးလိုက်ပါပြီ။

mgyoe.com

mgyoe.com ကမ္ဘာကျော် ဘောလုံးမန်နေဂျာ မော်ရင်ဟို ပြောဖူးတဲ့ စကား တစ်ခုက ကျွန်တော် အဲဒီတုန်းက တီးနေတာကို သူ ပြောနေသလိုပါပဲ။ သူက ဘောလုံးသမား ဒရော့ဘာကို သူ ကိုင်တဲ့ ပြိုင်ဘက်အသင်းဘက်က ကစားနေပုံ၊ ဂိုးသွင်းပုံ၊ အောင်ပွဲခံပုံတွေ ကြည့်ပြီး "ဒရော့ဘာဟာ သူတို့ အသင်းနဲ့ ကန်တဲ့ ပွဲမှာ သူ့ဘဝရဲ့ နောက်ဆုံးပွဲကို ကန်သလို၊ အသားကုန် ကြိုးစားကန်ပြီး အောင်ပွဲခံလို့ သူ ချယ်ဆီးအသင်းကို ပြောင်းရချိန် ပထမဆုံး ဒရော့ဘာကို လိုချင်တယ်" လို့ ပြောခဲ့တဲ့ စကားလေးပါ။ ကျွန်တော်က အဲဒီ တောင်ဂူ လွတ်လပ်ရေးနေ့ပွဲကို အသားကုန် တီးရတာက တကယ့် နောက်ဆုံးပွဲလို့ ခံစားရလို့ပါ။

ဒီပွဲ တီးပြီး နဂို အလုပ်ကန်ထရိုက်တိုက် မန်နေဂျာ စတိုထိန်း နေရာ ပြုတ်ဖို့လည်း သေချာသလို၊ ဘယ်သူမှလည်း ကျွန်တော့် အရည် အချင်းကို အသိအမှတ် မပြုတော့ဘဲ ပြန်ပြီး ပျောက်ကွယ်သွားမှာ သိနေလို့ နောက်ဆုံးပွဲလို့ ယူဆပြီး ငွေရတဲ့ သူတွေကြား အနုပညာကြေးလည်း မရတဲ့ ကျွန်တော်က အားကြိုးမာန်တက် တီးပြနေမိတာပါ။

ကြည့်ခဲ့ရသူတွေဘက်ကလည်း ဘယ်ကမှန်း မသိတဲ့ ချာတိတ် လေးတစ်ယောက်က နာမည်ကျော် အဆိုတော်တွေကြား နာမည်ကြီး Band မဟုတ်တဲ့ နာမည်အောက်မှာ အသားကုန် ဝင်တီးသွားတာ အမှတ်တရ ဖြစ်နိုင်ကြမှာ တစ်ခုပဲ မျှော်လင့်စရာ ရှိလို့ပါ (အခုခေတ်လို ဖုန်းတွေနဲ့ live မလွှင့်နိုင်ခင် ဆိုတော့ မှတ်တမ်းကလည်း မမျှော်လင့်မိပါဘူး)။

အဲဒီ စတိတ်ရှိုးကြီး အောင်မြင်စွာ ပြီးဆုံးပြီး ကျွန်တော်လည်း ဂီတသမားကြီးတွေ၊ အဆိုတော်ကြီးတွေကြား အသိအမှတ်ပြု ချီးကျူးသံတွေ ရဲ့ အောက်မှာ ပျော်ရွှင်နေမိပြီး ညဥ့်ကို သုံးနာရီလောက် စတိတ်ရှိုး ပြီးချိန်မှာမှ အိပ်ကြရပါတယ်။

မနက်အိပ်ရာက နိုးလာချိန် ရန်ကုန်ပြန်ကြတော့မယ့် ဘီအမ်ဟီးနိုး ကားကြီးပေါ် အဆိုတော်တွေ၊ အတီးသမား နာမည်ကျော်တွေ တက်ကြချိန်၊ ကျွန်တော်က ကိုတော်မီနဲ့ အလာတုန်းကလို အတူပြန်မယ် ထင်ချိန်၊ ကိုတော်မီက မထင်မှတ်ထားတဲ့ စကားတစ်ခွန်း ပြောလိုက်ပါတယ်။ ။

(အချိန်ရရင် ဆက်လက်ရေးသားပါဦးမယ်)

**နိုင်ဇော် (Lazy Club)**

■



mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း – ၄

# ကျွန်တော်နဲ့ ငတ်ခဲ့ဖူးသော နေ့ရက်များ

သကြ်န်တွင်း အိမ်မှာ တစ်ယောက်တည်း နေနေရတာ အထီးကျန်ပေမဲ့ နှစ်ပေါင်းများစွာ ပင်ပန်းခဲ့တဲ့ အရှိန်က မသေသေးဘဲ စိတ်က လည်ပတ်ချင်တဲ့ အတွေးကို ဘယ်မှ မသွားဖြစ်အောင် စာဖတ်၊ ရုပ်ရှင်ကြည့်၊ ဂီတာ အမြဲလုပ်နေရတဲ့ သင်ကြားမှု သိချင်တာတွေ တီးခတ်ရင်း ဒီညနေ စာရေးဖို့ ပြင်ရပါတော့တယ်။

စာပေအနုပညာသမား ကျွန်တော့်ရဲ့ လက်ရာအသစ်တွေကို Facebook ပေါ် အခမဲ့ ဝေမျှပေးနေရတာကို စောင့်ဖတ်ရသူတွေဘက်က အပိုင်းပိုင်း ဖြတ်ရေးနေတာ ဖတ်ရတိုင်း ကောင်းခန်းကျ ဖြတ်ပြီလို့ မှတ်ချက်တွေ အားမလို၊ အားမရ ရေးကြတာလည်း ကျွန်တော် တွေ့ရပါတယ်။ ကျွန်တော့်ဘက်ကလည်း စာတစ်ပုဒ် online ပေါ် အသစ် ရေးရတာ တကယ် မလွယ်ကူ၊ အချိန် မပေးချင်ပေမဲ့ တကယ့်တကယ် ရေးရပြီဆို ကျန်တဲ့ အလုပ်တွေ၊ လူမှုရေးတွေ၊ မိသားစုကိစ္စတွေ၊ ဂီတကိစ္စတွေ အကုန်မေ့ပြီး တစ်ကမ္ဘာလုံး ကျွန်တော်နဲ့ စာရေးနေတဲ့ ဖုန်းပဲရှိတယ်လို့ မှတ်ပြီး စာထဲကို အာရုံစိုက် ရေးလို့ ဖတ်ရသူတွေ နှစ်သက်တဲ့ အားပေးစကားလို့ ယုံကြည်မိပါတယ်။


mgyoe.com

mgyoe.com

ခက်တာက ငယ်ငယ်က ဖတ်ဖူးတဲ့ ကာတွန်းဆရာ ဦးငွေကြည်ရဲ့ ကာတွန်းတစ်ပုဒ်လို ကိုယ်က ဖြစ်နေတာပါ။

ရွာတစ်ရွာကို ဧည့်သည်တွေ ရောက်လာတော့ အိမ်ရှင်က ထမင်းကျွေးချိန် မန်ကျည်းရွက်သုပ်ကိုပါ ဟင်းတွေထဲ တစ်မည်အနေနဲ့ ထည့်ပြီး ဧည့်ခံပါတယ်။ မန်ကျည်းရွက်ကို ဆုံနဲ့ ထောင်းဖို့ ဆုံက မရှိလို့ အချိန်မရတာကြောင့် နောက်ဖေး မီးဖိုထဲမှာ သူ့ပါးစပ်ထဲ ထည့်ဝါးပြီး အချဉ်ဓာတ်ထွက်မှ အရည်ကို သူက မှုတ်ချပြီး သုပ်ကျွေးပါတယ်။

အဲဒီမန်ကျည်းရွက်သုပ်ကို ဧည့်သည်တွေက မတရား စားလို့ကောင်းကြပြီး ထပ်ပေးပါဦး လုပ်ပါလေရော။ အိမ်ရှင်လည်း နောက်ဖေး မီးဖိုခန်းထဲဝင်၊ မန်ကျည်းရွက်တွေ ပါးစပ်ကနေ ထပ်ဝါး၊ ပါးစပ်ထဲလည်း အချဉ်ဓာတ်တွေ ဝင်လို့ သွားတွေကျိန်း၊ မန်းကျည်းရွက်သုပ်ဟင်းကလည်း အချဉ်နည်းလို့ ဧည့်သည်တွေက ထပ်တောင်း၊ နောက်ဆုံး အိမ်ရှင်က မန်ကျည်းရွက်သုပ် မတောင်းကြပါနဲ့တော့၊ ဆုံ ကျိန်းနေပါပြီ (သူ့ပါးစပ်က ငရုတ်ဆုံလို ဝါးရလွန်းလို့ ကျိန်းနေပါပြီ) ပြောတဲ့ ဟာသလေးလို အခု ကျွန်တော်လည်း စာဖတ်သူတွေက ကြိုက်လေ၊ မနားရဘဲ အိပ်ခါနီးရော၊ လက်ဖက်ရည်ဆိုင်ထဲရော၊ ကားထဲရော၊ နေရာအနှံ့ ရေးရလွန်းလို့ ဆုံကျိန်းလို့ ခဏခဏ ရပ်ရေးနေရတာပါလို့ အမှန်အတိုင်း ဖွင့်ပြောလိုက်ချင်မိပါတော့တယ်။

အခုလည်း စာစု အပိုင်းလေးမှာ ကျွန်တော့်ကို ကန်ထရိုက်တိုက်ကနေ လူမသိ၊ သူမသိ အပယ်ခံရသလို၊ ဝါသနာ ပါတဲ့ ဂီတသမားတစ်ယောက် ဘာလို့ အထီးကျန်နေသလဲ၊ ကိုယ့်ရပ်ကွက်ထဲက တီးဝိုင်းက မရှိတော့ဘူးလား မေးစရာ ရှိပါတယ်။

ကျွန်တော့် သူငယ်ချင်းတွေနဲ့ ဖွဲ့ထားတဲ့ SAS (Sweet All Sound) ဆိုတဲ့ နာမည်အရှည်ကို ကျွန်တော့်အဖေက ပေးတာပါ။ SAS က ကျွန်တော်ကြိုက်တဲ့ ဗြိတိသျှ ကွန်မန်ဒို နာမည် ပေးထားတာကို ကျွန်တော့်အဖေက ဂီတနဲ့ ဆိုင်တဲ့ အဓိပ္ပာယ် ဖွင့်ပေးလိုက်တာပါ။

၁၉၈၉ ခုနှစ် သင်္ကြန်မှာ ပထမဆုံး ကျွန်တော်တို့ သူငယ်ချင်းတွေ စုစုစည်းစည်း တီးခတ်ခဲ့ကြပါတယ်။ ၁၉၉၁ သင်္ကြန်မှာတော့ ကျွန်တော့် drummer ကိုဝိုင်းမော် (ကျွန်တော့်ဆရာတစ်ပါးလို့ ကျွန်တော်က သတ်မှတ်ထားပါတယ်) သူက နောက်ပိုင်း အကျဉ်းထောင်မှာ ဆေးမှုနဲ့ အထိန်းသိမ်း

mgyoe.com

mgyoe.com SAMPLE BOOK
ခံရပြီး ဝန်ထမ်းတွေရဲ့ ရိုက်နှက်ခံရလို့ တစ်ကိုယ်လုံး အတွင်းကြေကြေ သတိရတော့မှ သူ့အိမ် ပြန်ရောက်လာပါတယ်။ ကျွန်တော် သွားတွေ့ပေမဲ့ သတိ လုံးဝမလည်ဘဲ ကွယ်လွန်သွားခဲ့ပါတယ် (သူ့အဖေက အေဝမ်း ဦးကြည်အေးပါ၊ သူ့အစ်ကိုက ဒါရိုက်တာ မျိုးဇော်အောင်ပါ)။

သူနဲ့ bassသမား ကိုခုပ်လျှန်မုန်းကို ကျွန်တော့်ဆီက ထွက်သွားကြတဲ့၊ ငွေရှိတဲ့ အဆိုတော် အဖွဲ့သားတချို့က နောက်ထပ် နာမည်အသစ်တစ်ခုနဲ့ တီးဝိုင်းတစ်ခု ထပ်တီးဖို့ ခေါ်ကြတာကြောင့် drummer နဲ့ bass သမားက ၁၉၉၁ သင်္ကြန်ပြီးရင် ငမွဲအဖွဲ့ခေါင်းဆောင် ကျွန်တော်နဲ့ မတီးကြတော့ဘူးလို့ ပြောလာလို့ လူသစ်တွေနဲ့ ထပ်ဖွဲ့ပါတယ်။ အဲဒီအဖွဲ့သစ်မှာ မန်နေဂျာ လုပ်ပေးမယ် ဆိုပြီး အဆိုဝါသနာရှင် သူဌေးသားတစ်ယောက်က ချိတ်ဆက်လာပါတယ်။ သူ့အမေက အမျိုးသမီး နာမည်ကြီး လုပ်ငန်းရှင်ကြီးပါ (နဝတခေတ် အစိုးရနဲ့လည်း ပလဲနံပ သင့်သူကြီးပါ)။ သူက ငွေရှိတော့ အဖွဲ့မှာ လစဉ် သီချင်းတိုက်ဖို့ အဆိုတော် သူငယ်ချင်းတွေ သတ်မှတ်နှုန်းထား အမြဲ ထည့်ကြပါတယ်။ ကျွန်တော်က ငွေကြေး မထည့်နိုင်သလို ငွေကြေးလည်း မရပါဘူး။

တီးချင်လွန်းလို့ တီးဝိုင်းအသစ် ဖြစ်လာအောင် ကြိုးစားနေတာပါ။ ရပ်ကွက်မှာ သီတင်းကျွတ်နဲ့ သင်္ကြန် နှစ်ပွဲ တစ်နှစ်တီးရဖို့ သီချင်းတွေ notes အခမဲ့ရေး၊ အခမဲ့ သီချင်းတိုက်နဲ့ ဘဝမှာ ပျော်နေသူပါ။ ကျွန်တော်က ဆင်းရဲလို့ အဖွဲ့ငွေ ကိုင်ရင် ခိုးတယ် စွပ်စွဲမှာစိုးလို့ သူဌေးသားကိုပဲ မန်နေဂျာခန့်၊ သူ့ကိုပဲ ငွေကိုင်စေပါတယ်။ အဲဒီလို ဂီတာတီးရရင် ပျော်နေသူ ကျွန်တော့်ကို အဲဒီသူဌေးသား သူငယ်ချင်းက ကိစ္စတစ်ခုနဲ့ သူတို့ဘာသာ တီးဝိုင်းအသစ် ထပ်တီးကြဖို့ ဖြစ်လာချိန်၊ ကျွန်တော့်ကို နာမည်ဖျက်ပါတော့တယ်။ ကျွန်တော်တစ်ယောက်တည်း အဖွဲ့မှာ ကျန်ခဲ့ပေမဲ့ ပြန်ပြီး တက်လာမှာ စိုးလို့ အတင်းကန်ချသလို လုပ်တာပါ။

ကျွန်တော် အလုပ်လုပ်နေတဲ့ ကန်ထရိုက်တိုက်ရှေ့လာပြီး သူ့ ဘော်ဒါတစ်ယောက်နဲ့ အော်ဟစ်ပြီး ကျွန်တော်က တီးဝိုင်းငွေတွေ ယူထားတာ ပြန်ပေးလို့ အရှက်လိုက်ခွဲပါတယ်။ သူ့ကိုပဲ ငွေကိုင်၊ တီးဝိုင်းမန်နေဂျာခန့်ပြီး ငွေကြေးတစ်ပြားတစ်ချပ်မှ ကျွန်တော် မထိခဲ့တာကို သူက အခုလို လာအော်ပြီး အရှက်ခွဲတော့ ဘေးပတ်ဝန်းကျင်က လူတွေ အကုန် အထင်လွဲစရာ ဖြစ်လာပါတော့တယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ရေကျော်မှာ အတူ သီချင်းသီဆို တီးခတ်ကြဖို့ ကျွန်တော့်ဆီ အတင်းဝင် မိတ်ဆက်ပြီး တပည့်လုပ်ခဲ့သူက အခုလို မဟုတ်တာတွေ နှစ်ဆယ့်နှစ်လမ်းနဲ့ မဟာဗန္ဓုလလမ်းပေါ်က အလုပ်ထဲအထိ အရှက်လိုက်ခွဲ လေတော့ ကျွန်တော်လည်း ကန်ထရိုက်တိုက် သံပန်းတံခါးကိုဖွင့်၊ အပြင် ထွက်ပြီး အဖွဲ့ငွေတွေကို ကျွန်တော် ထိတောင် မထိတာ မန်နေဂျာလုပ်သူ တပည့်ကို ပြန်သက်သေပြရပါတော့တယ်။

သူ့ဘေးက တစ်ယောက်က နာမည်ကျော် ဘာသာပြန် စာရေး ဆရာကြီးတစ်ယောက်ရဲ့ သားပါ (ဗုဒ္ဓဟူးနံနဲ့ စသူ စာရေးဆရာကြီးပါ)။ ကျွန်တော့်အပေါ် မတရား အောက်တန်းကျတဲ့ စကားတွေနဲ့ အော်ဟစ် အရှက်ခွဲနေတာ ကျွန်တော် သည်းခံနိုင်ပေမဲ့ ကျွန်တော့်ကို အစ်ကိုတစ်ယောက် လို ခင်တဲ့ ပန်းရန်ဆရာလေး မောင်မောင်က မခံနိုင်တော့လို့ ဝင်ပြောရာက သူနဲ့ စငြိပါတော့တယ်။ နောက်ဆုံး လက်တွေပါ ပါကုန်ကြတော့ ကျွန်တော် လည်း မနေနိုင်တော့ဘဲ၊ ငယ်ငယ်က ရန်မတရားဖြစ်ခဲ့၊ ထိုးခဲ့၊ ကြိတ်ခဲ့တဲ့ ဗီဇ ပြန်ပေါ်လာပြီး မဟာဗန္ဓုလလမ်းမပေါ် သူတို့နှစ်ယောက်၊ ကျွန်တော်တို့ နှစ်ယောက် လက်ချင်းယှဉ် ထိုးကြတာ၊ ကျွန်တော်နဲ့ မောင်မောင် ဒဏ်ရာ တစ်ချက်မှ မရဘဲ၊ အဲဒီနှစ်ယောက် ဖူးရောင်ကုန်ပါတော့တယ်။

ပတ်ဝန်းကျင်က ဝိုင်းဖျန်ဖြေပြီးချိန် ကျွန်တော်တို့ ပြဿနာကို လသာရဲစခန်းအထိ ရောက်သွားလို့ ကျွန်တော်နဲ့ မောင်မောင်ကို လသာရဲက လာခေါ်ပါတော့တယ်။ လက်ချင်း ထိုးကြပေမဲ့ ခံလိုက်ရသူ နှစ်ယောက်က သူတို့ စရန်လာစကြတာ၊ စော်ကားပြီး လက်ပါဖို့ လုပ်ကြတာ အကုန် ပျောက်ပြီး ကျွန်တော်နဲ့ ပန်းရန်ဆရာလေးက တရားခံ ဖြစ်သွားပါတယ်။ သူ့အမေ သူဌေးမကြီးက ငွေအိတ်ကြီးကိုင် ရောက်လာပြီး ကျွန်တော်တို့ နှစ်ယောက်ကို ထောင်ချဖို့ ကုန်ချင်သလောက် ကုန်ပါစေဆိုပြီး ရဲတွေကို အော်ပြောနေပါတော့တယ်။ ငွေတွေကိုလည်း အထုပ်လိုက် ပြပါတယ်။

အိတ်ထဲမှာ ငွေကြေးတစ်ပြားမှ မရှိဘဲ ရန်စလို့ ပြန်တုံ့ပြန်မိတဲ့ ကျွန်တော်တို့နှစ်ယောက်မှာ ကယ်မယ့်၊ ကူမယ့် သူလည်း မရှိ၊ ကန်ထရိုက် ကြီးတွေကလည်း မလာသေး။ အိမ်က အစ်မတွေကို အိမ်ဘေးက ဖုန်းဆက် ပြီး လသာရဲစခန်း လာခဲ့ဖို့ ပြောရပါတော့တယ်။ လသာရဲစခန်းမှာ အကျယ် ချုပ် သဘောမျိုး ခုံတန်းလေးမှာ နှစ်ယောက်ထိုင်ပြီး ထမင်းစားနားချိန် လာရန်စလို့ ရန်ဖြစ်ခဲ့တာ၊ ညနေအထိ ဘာတစ်ခုမှ မစားရသေးဘဲ လာရှင်း

mgyoe.com

mgyoe.com SAMPLE BOOK
ပေးမယ့် အစ်မတွေကိုသာ မျှော်နေရပါတော့တယ်။

ငွေကြေးလည်း မရှိ၊ ဆင်းဆင်းရဲရဲ အဝတ်တွေနဲ့ ရဲစခန်းထဲကနေ အပြင်ကို ကြည့်နေမိချိန် သူငယ်ချင်း မိတ်ဆွေတစ်ယောက်ယောက် ဖြတ်သွားရင် လှမ်းခေါ်ချင်ပေမဲ့ ကိုယ်က အကျယ်ချုပ် ခံနေရတော့ မလွတ်လပ်တဲ့ ခံစားမှုကို ပထမဆုံး စခံစားရတာ တစ်သက် မမေ့ပါဘူး။

ညနေစောင်း ကျွန်တော့်အစ်မတွေ ရောက်လာတော့မှ ကျွန်တော်တို့ကြောင့် ရန်ဖြစ်ရင်း ရတဲ့ သူတို့ဒဏ်ရာတွေကို ကျွန်တော် ပြန်လျော်ပါ့မယ် ကတိပေးမှ ကျေအေးပေးပြီး ပြန်လွှတ်ပေးပါတယ်။ ကျွန်တော့်လခ နှစ်လခစာကျော်ကျော် ပြန်လျော်လိုက်ရပြီးနောက်ပိုင်း ကျွန်တော့်မှာ အတူတီးမယ့် အတီးသမားကလည်း မရှိ၊ တီးဝိုင်းအသစ်ကလည်း ခုနက ငွေရှိတဲ့ သူဌေးသား မန်နေဂျာ နာမည်ဖျက်လိုက်လို့ ကျွန်တော်နဲ့ လက်တွဲမယ့်သူတွေ နည်းသွားချိန်၊ ကျွန်တော်တစ်ယောက်တည်း အနုပညာလောကကို ဘယ်လိုဝင်ရမလဲ အကြံထုတ်နေတုန်း၊ အရင်က အတူ တီးဖူးခဲ့တဲ့ ကိုတော်မီကျော်နိုင် လာခေါ်လို့ အလုပ်ပြုတ်ရင် ပြုတ်ပါစေ၊ တီးချင်စိတ်နဲ့ တောင်ငူကို ကျွန်တော် လိုက်လာခဲ့တာပါ။

ကိုတော်မီက စတိတ်ရှိုး အောင်မြင်တဲ့ မနက်ခင်း ရန်ကုန်ပြန်ကြမယ်ဆို ဘီအမ်ကားပေါ် အဆိုတော်တွေ၊ အတီးသမားတွေ တက်ကြမယ်ဆိုချိန် စကားတစ်ခွန်း စပြောပါတယ်။

"နိုင်ဇော်၊ ရန်ကုန်ကို တစ်ယောက်တည်း ဒီအဖွဲ့နဲ့ ပြန်လိုက်သွားလိုက်ပါ၊ အစ်ကိုက မန္တလေး ခရီးဆက်ရမှာ၊ ကျန်တဲ့ သူတို့ ဖဆပလက အတီးသမားလေးတွေကလည်း သူနဲ့အတူ ခရီးဆက်ကြမှာမို့ သူ ရန်ကုန်ပြန်ရောက်ရင် လာတွေ့မယ်" လို့ ပြောပါတယ်။ ခက်တာက ကျွန်တော့်မှာ ငွေတစ်ပြားတစ်ချပ်မှ မရှိဘဲ သူ့ကို ယုံပြီး လိုက်ခဲ့မိတာကြောင့် သူ အခုလို ပြောချိန်၊ နာမည်ကျော် အဆိုတော်ကြီးတွေကြား ငွေမပါဘဲ ငါ ဘယ်လို ခရီးဆက်ရမလဲ ဆိုတဲ့ အတွေးနဲ့ စိုးရိမ်စိတ် ဖြစ်မိပါတော့တယ်။

ခက်တာက သူ ခေါ်လာကတည်းက ကိုယ့်အနုပညာကြေးလည်း ကိုယ် မသိ၊ မတောင်းရဲ၊ တီးရရင် ပြီးရော၊ အပြန်လည်း သူတို့ ကျွေးတာစားမယ် ဆိုတဲ့ ကျွန်တော်၊ အခု တစ်ယောက်တည်း ပြန်ရမယ်ဆို နေ့လယ်စာတောင် စားစရာ မရှိတဲ့အဖြစ်၊ ဘယ်လိုရင်ဆိုင်ရမလဲ မသိ ဖြစ်ရပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


အဲဒီမှာ ကြောက်ကြောက်နဲ့ ဘီအမ်ဘတ်စ်ကားကြီးပေါ် ကျွန်တော် တက်ခဲ့မိပါတော့တယ်။

တော်ပြီ ဆိုတော့လည်း တကယ့်ကို တော်တာပါ။ ။

(အချိန်ရရင် ဆက်လက် ရေးပါဦးမယ်)

နိုင်ဇော် (Lazy Club)

■



mgyoe.com

mgyoe.com
SAMPLE BOOK

# အပိုင်း – ၅

# ကျွန်တော်နဲ့ ငတ်ခဲ့ဖူးသော နေ့ရက်များ

ကျွန်တော် ရေးတဲ့ စာစု ဘာလိုလိုနဲ့ အပိုင်းငါးထိ ရောက်လာပြီမို့ အပိုင်းတွေ များလာပေမဲ့ စာဖတ်သူတွေ ကြိုက်ကြတဲ့ အကြောင်းအရာလေးတွေလည်း တစ်လက်စတည်း ရေးပြလို့ မကုန်နိုင်တာကြောင့် အပိုင်းဆက်တွေ ရေးဖြစ်တာလည်း နားလည်ပေးစေချင်ပါတယ်။

ကျွန်တော့် ငယ်ဘဝ အမှတ်တရလေးတွေ ပြန်ဝေမျှမိတဲ့အထဲ တစ်ခါမှ မပြောပြဖူးတဲ့ လသာရဲစခန်းမှာ ရန်ဖြစ်လို့ ခဏအထိန်းသိမ်းခံရတာလေး ထည့်ရေးပြမိတာ ဘယ်သူ့ဘယ်သူကိုမှ မထိခိုက်စေချင်မိတာ အမှန်ပါ။ အခု နောက်ဆုံး ကျွန်တော့်ရဲ့ ဂီတဆရာတစ်ပါး ကိုတော်မီကျော်နိုင် (Play Boy & LPJ) ကျွန်တော့်ကို ထားရစ်ခဲ့ပြီး မန္တလေးလား၊ သဲတောလား ထွက်သွားလို့ စိတ်ဆိုးကြသူတွေကိုလည်း စိတ်မဆိုးကြဖို့ တောင်းပန်ပါတယ်။

တကယ့်ဘဝထဲမှာ ကျွန်တော် သတ္တိခွန်အား၊ အတွေ့အကြုံတွေ ရလာအောင် ပို့ဆောင်ပေးတဲ့ ကိုတော်မီကျော်နိုင်ရဲ့ ကျေးဇူးတွေ၊ အမှတ်တရတွေ ကျွန်တော့်မှာလည်း အများကြီးပါ။ ကိုတော်မီကြီးက အဲဒီခရီးပြီးတော့လည်း ကျွန်တော့်ကို အလွန်အားကိုးယုံကြည်လို့ အဖွဲ့သစ်တစ်ခုသူ ဦးဆောင်ပြီး ထပ်ဖွဲ့ခဲ့ဖူးပါတယ်။ အဖွဲ့မန်နေဂျာအဖြစ် ငွေကြေးတော့


mgyoe.com

mgyoe.com SAMPLE BOOK

တင်းတဲ့ ဂီတဝါသနာရှင် ကိုလတ် ဆိုသူ သူ့မိတ်ဆွေ ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို သူက ခေါ်လာပါတယ်။ (အလုံမှာ နေတဲ့ ကိုလတ် ဆိုသူရဲ့ ကျေးဇူးကလည်း ကျွန်တော့်အပေါ် အများကြီးပါ)

တီးဝိုင်းနာမည်ကို Metal Seven လို့ အမည်ပေးပြီး သတင်းစာကကြော်ငြာတောင် ထည့်ဖူးပါတယ်။ Lead guitar ကို ကျွန်တော်က တီးပြီး bass ဂီတာက ကိုတော်မီကျော်နိုင်၊ drum ကိုသာခု၊ keyboard ကို ကိုမျိုးခင် (မန္တလေးမလှိုင်း) က တီးပါတယ် (သူတို့ သုံးယောက်စလုံး လူ့လောကထဲက ထွက်သွားကြတာ ကြာပါပြီ)။ သူတို့နဲ့ ကျွန်တော် Oasis studio နဲ့ မေ စတူဒီယိုမှာ Album တွေ အသံသွင်းဖူးခဲ့ပါတယ်။ ကိုတော်မီက ဘယ်သူနဲ့တွေ့တွေ့ သူ့ဆံပင်ကို ခေါင်းကုတ်ပြီး စဉ်းစား၊ စကားပြောပြီဆို သူနဲ့တွေ့နေတဲ့ သူကို သူ မသိပါဘူး၊ မမှတ်မိပါဘူး ဆိုတာ သူ့အထာ ကျွန်တော်က သိနေပါတယ်။ သူက အရက်မူးပြီဆို သိပ်ခင်ဖို့၊ ပျော်ဖို့ ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပါ။

သူနဲ့ ကျွန်တော့်ဆရာ ကိုခင်မောင်မြင့် (နှုတ်ခမ်းမွေး) ကလည်း အလွန်အတွဲညီသလို ရယ်စရာတွေပြောလည်း ဘာဆရာအထာမှ မရှိတဲ့ တက်ညီလက်ညီ ဆရာနှစ်ယောက်ပါ။ သူတို့နှစ်ယောက် ကျွန်တော့်အိမ်ကို နောက်ပိုင်း တစ်ခါတလေ လာလည်ကြရင် ကျွန်တော်က ဂီတာသင်တန်းလေး ကိုယ့်မြို့နယ်ထဲ၊ အိမ်ပတ်လည် သင်တဲ့ အချိန် ဖြစ်လာတော့ ငွေနည်းနည်း မြင်ဖူးလာပါပြီ။ ဂီတာသင်တဲ့ တပည့်တွေကလည်း မိန်းကလေး အပျို ခပ်ငယ်ငယ်လေးတွေ များပါတယ်။ ကျွန်တော်က ကိုယ့်တပည့်မတွေကို လက်တောင် မထိဘဲ သင်ပေးတော့ လူမှုရေးအရ ဘာပြဿနာမှ မရှိလို့ ယုံပြီး တဖြည်းဖြည်း သင်တန်းအပ်လာကြတာပါ။

ကိုတော်မီနဲ့ ကိုခင်မောင်မြင့်တို့ ဆရာနှစ်ယောက် ရိုးရိုးသားသား ပုဆိုးကိုယ်စီနဲ့ လာလည်ရင် ကျွန်တော်က လေးဆယ့်ငါးလမ်းနဲ့ လေးဆယ့်ခြောက်လမ်းကြား ဗိုလ်ချုပ်လမ်းပေါ်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် လိုက်တိုက်ပါတယ်။ သူတို့က လာတိုင်း အဲဒီဆိုင် ထိုင်မယ်ပဲ ပြောလာလို့ တခြား အပြိုင်ဆိုင်တွေ လိုက်မတိုက်ဘဲ အဲဒီဆိုင်ကိုပဲ အမြဲပို့ရပါတယ်။ ရောက်လည်း နှစ်ယောက် ကျိတ်ကျိတ်ကျိတ်ကျိတ်လုပ်၊ ကွက်ကြည့် ကွက်ကြည့်လုပ်နေတာကြောင့် ကျွန်တော် မသင်္ကာရာက အဖြေ စတွေ့ပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်တာထိုင်ပြီး ငွေသိမ်းတဲ့ အန်တီကြီးက အဲဒီခေတ်က အဆိုတော် နော်လီဇာတို့လို ရုပ်ကလည်း ခပ်လန်လန်၊ ဆံပင်ကလည်း အကြေကောက်၊ အဝတ်အစားကလည်း စွပ်ကျယ်လိုလို ချိုင်းပြတ်နဲ့၊ ဘောင်းဘီနဲ့၊ နှုတ်ခမ်းနီကရဲရဲ၊ လူပုံကလည်း ခပ်မိုက်မိုက်၊ အရပ်ကလည်း မြင့်မြင့် ဆိုတော့ အဲဒီအန်တီကြီးကို ကိုတော်မီတို့နှစ်ယောက် လူကြီးအထာနဲ့ လာလာကြွေပြနေကြတာ၊ ကြာတော့ ကျွန်တော် သဘောပေါက်လာပါ တယ်။

အဲဒီတုန်းက သူတို့ထက် အများကြီး ငယ်တဲ့ ကျွန်တော် သူတို့ ဘာလို့ အဲဒါကြီး အရသာခံ လာကြည့်နေမှန်း သဘောမပေါက်ခဲ့ပါဘူး။ သူတို့နှစ်ယောက်က အဲဒီအန်တီကြီး ဘာလုပ်လုပ် တဟဲဟဲနဲ့ လာအရသာခံ ကသိုဏ်းရှုနေကြတာပါ။ ကျွန်တော်က သူတို့ကိုကြည့်ပြီး နားမလည်ချိန် အမှတ်တရတစ်ခုက ဖြစ်လာပါတော့တယ်။

အဲဒီအချိန်က သီတင်းကျွတ်ခါနီး အချိန်မို့ ကိုတော်မီက သူ ရတဲ့ ပွဲတွေ တီးပေးဖို့လည်း လာခေါ်ပါတယ်။ သူတို့နှစ်ယောက် ကောင်တာက အန်တီကြီးကို ဖွန်ကြောင်နေကြချိန် လမ်းဘေးက စားပွဲပုလေးမှာ ထိုင်နေကြ တဲ့ လေးဆယ့်ခြောက်လမ်းထဲက ကာလသားတစ်သိုက်က စီးကရက် တစ်လိပ် စားပွဲထိုးလေးကို ပေးပြီး ကောင်တာက မမကြီးအရှေ့က ကြိုးတွဲလောင်း မီးခြစ်မှာ ဆေးလိပ် မီးညှိခိုင်းလိုက်ပါတယ်။

စားပွဲထိုးချာတိတ်လည်း အဲဒီဆေးလိပ်လေး ယူပြီး ကောင်တာမမ ရှေ့မှာ မီးညှိလိုက်ချိန် ဝုန်းခနဲ ပေါက်ကွဲသံတစ်ခု ထွက်လာပါတယ်။ အားလုံး လန့်သွားကြချိန် စားပွဲထိုးကောင်လေး ပါးစပ်က ဆေးလိပ်က အဝေးကို လွင့်စဉ်သွားပြီး ကောင်လေးက ရုတ်တရက်မို့ သူ ဘာဖြစ်သွားမှန်း မသိဘဲ ကြောင်နေပါတယ်။

ကောင်တာမမက ရုတ်တရက်ချက်ချင်း အဲဒီစားပွဲကို ထသွားပြီး မပြောမဆို အဲဒီစားပွဲက ဆေးလိပ်မီးညှိခိုင်းတဲ့ ကုလားလေးရဲ့ ပါးကို ဖြောင်းခနဲ ရိုက်ချလိုက်ပါတော့တယ်။ အဖြစ်အပျက်က မြန်လွန်းလို့ ဘာမှန်း ချက်ချင်း မသိပေမဲ့ နောက်မှ အဖြစ်မှန်ကို သိရပါတော့တယ်။

လက်ဖက်ရည်ဆိုင် ထိုင်နေတဲ့ ကုလားလေးတို့ အဖွဲ့က ကောင်တာ မမကို စချင်လို့ သူတို့ စီးကရက်ထဲ သီတင်းကျွတ် ဗြောက်အိုးကို သေသေ ချာချာ ထည့်၊ စနက်တံကို ဆေးသားတွေ ဖုံးပြီး မီးညှိခိုင်းလိုက်တာပါ။

mgyoe.com SAMPLE BOOK
ဆေးလိပ်က ပြန်ယူလာချိန် မပေါက်ဘဲ ကောင်တာမမကြီး မီးခြစ်ခြစ်ပေးချိန်၊ စားပွဲထိုးလေးပါးစပ်ထဲ ဆေးလိပ်တပ်လျက်ကြီး ထပေါက်တော့ မမကြီး လည်း လန့်၊ စားပွဲထိုးလည်း လန့်သွားလို့ ဘယ်သူ့လက်ချက်မှန်း ချက်ချင်း သိသွားတဲ့ ကောင်တာမမ၊ မီးညှိခိုင်းတဲ့ ကုလားလေးကို သူ မြင်လိုက်လို့ ပါးသွားရိုက်ချလိုက်တာပါ။

အဲဒီအဖြစ်အပျက်ကို မျက်ဝါးထင်ထင် မြင်လိုက်ရတဲ့ ကျွန်တော့် ဆရာ ကိုခင်မောင်မြင့်နဲ့ ကိုတော်မီ၊ သူတို့ချင်း ပြောကြတာ ကျွန်တော် ကြားလိုက်ရပါတယ်။ "ကိုခင်မောင်မြင့်ရေ၊ ကျွန်တော်တို့ နှစ်ယောက်လည်း လိမ်လိမ်မာမာ နေမှ ရမယ်နော်" ဆိုပြီး အတန်းထဲက ကျောင်းသားလေးတွေ အရိုက်ကြမ်းတဲ့ ဆရာမရှေ့ စာသင်ကြသလို တိုးတိုးကျိတ်ကျိတ် ရယ်စရာ ပြောနေကြတဲ့ အဖြစ်လေး အခုထိ မှတ်မိနေဆဲပါ။ နောက်ထပ်လည်း သူတို့ ရေကျော်လာကြရင် သွားထိုင်မြဲ၊ ငြိမ်ငြိမ်ကုပ်ကုပ် ဖွန်သွားကြောင် ကြတဲ့ လူကြီးနှစ်ယောက်ကို အခုအသက်အရွယ်အထိ သတိတရ မှတ်မိ နေပါတယ်။

ကျွန်တော် အစက ရေးပြခဲ့တဲ့ Metal Seven Band (အဲဒီအချိန်က Metal Zone Band မပေါ်သေးပါ) မန်နေဂျာ ကိုလတ်ကလည်း လူထူး လူဆန်းပါ။ သူက ဘာအလုပ်မှ မလုပ်ဘဲ ထိုင်စားပြီး ကျွန်တော်တို့ကို သူ့အိမ်မှာ တစ်နေ့လုံး၊ တစ်ညလုံးခေါ်၊ သူ့ TV အောက်စက်နဲ့ ကျွန်တော် ကြည့်ချင်တဲ့ MTV တွေပြ၊ guitar lesson တွေ ငှားပြီးပြ၊ တစ်နေကုန် ထမင်းကျွေး၊ လက်ဖက်ရည်တိုက်၊ အပြန်ကားခ ပေးပြီး တီးဝိုင်းအဖွဲ့က ကျွန်တော့်ကို အလုပ်ရော၊ ပညာရော ရရှိစေဖို့ လိုအပ်တာတွေ သူက ပံ့ပိုးပေးသူပါ။

သူ့ရည်ရွယ်ချက်က ရှင်းပါတယ်။ နိုင်ငံခြားကို မိသားစုလိုက် ထွက်မယ်၊ အဲဒီရောက်မှ အလုပ်လုပ်မယ် ဆုံးဖြတ်ထားသူပါ (တကယ်လည်း ဩစတြေးလျမှာ မိသားစုလိုက်နေပြီး ကျွန်တော် သူတို့မြို့ကို ဖျော်ဖြေရေး ရောက်တော့ သူ့ဆီခေါ် ထမင်းကျွေးပြီး နောက်ရက် စာရေးလို့ရမယ့်၊ ဗဟုသုတရမယ့် နေရာအနှံ့ သူနဲ့ သူ့ဇနီးက လိုက်ပို့ပါတယ်)။

သူက အင်္ဂလိပ်စာရေး၊ အင်္ဂလိပ်စကားပြောရော သိပ်ကောင်းပါ တယ်။ ခရစ်ယာန်လည်း ဖြစ်သလို ဘိုလည်းစပ်သလိုပါပဲ။ သူက ကျွန်တော့် တင်မက ကျွန်တော့် သူငယ်ချင်းတွေကိုပါ သူငယ်ချင်းပေါင်း ပေါင်းနိုင်သူပါ။


mgyoe.com

mgyee.com SAMPLE BOOK
ရယ်စရာလည်း ရုပ်တည်ကြီးနဲ့ မတရား ပြောတတ်သူပါ။ ငွေလည်းသုံး၊ ကပ်စေးလည်းမနဲ၊ မောင်အေးလက်ဖက်ရည်ဆိုင် သူ လာထိုင်ပြီဆို သားရေ ပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်ပြီး ကျွန်တော်တို့ လူငယ်တွေ စားချင် သလောက်စား၊ သူက ဒကာခံပါတယ်။

သူ ပြောပြတဲ့ ပုံပြင်လေးတွေကလည်း အဆုံးကျ ရယ်ရပါတယ်။ တစ်ခါက အရူးထောင်မှာ စိတ်ရောဂါကု ခံနေရတဲ့ အရူးတစ်ယောက် စိတ်ပုံမှန် ပြန်ဖြစ်သွားလို့ ဆေးရုံက ပြန်လွှတ်ခါနီး ဆရာဝန်ကြီးတွေက မေးခွန်းတွေ မေးပြီး သူ့စိတ် ပုံမှန်ပြန် ဟုတ်၊ မဟုတ် အမှတ်ပေးကြပါတယ်။ စိတ်ဝေဒနာရှင်ကို ဆရာဝန်ကြီးက မေးပါတယ်။ "မင်းနဲ့ ခပ်ချောချော တောင့်တောင့် ကောင်မလေးတစ်ယောက် လူမရှိတဲ့ အခန်းထဲ နှစ်ယောက် တည်း ထားရင် မင်း ဘာလုပ်မလဲ" လို့ မေးပါတယ်။ လူနာက "ကျွန်တော် ကောင်မလေးကို အင်္ကျီအရင်ချွတ်မယ်" လို့ ဖြေပါတယ်။ ဒါဟာ သာမန်လူ တွေ တွေးတဲ့ အတွေးမို့ ပထမဆုံး အောင်မှတ် ပေးလိုက်ကြပါတယ်။ "နောက်ထပ် ဘာလုပ်မလဲ" ထပ်မေးတော့–

"အင်္ကျီအောက်က ဘရာစီယာ ချွတ်မယ်" လို့ ဖြေပါတယ်။ ဆရာဝန်ကြီးတွေ သဘောကျပြီး လူဖြစ်လာပြီ ဆိုပြီး အောင်မှတ် ထပ်ပေးကြပါတယ်။ "နောက်တစ်ဆင့် ဘာဆက်လုပ်မလဲ မေးတော့–

"ကောင်မလေးရဲ့ စကတ်ကို ချွတ်မယ်" လို့ ပြောတော့ အောင် မှတ် ထပ်ပေးကြပါတယ်။ လူသားတစ်ယောက်ရဲ့ အတွေးမျိုး ပြန်ရနေတဲ့ ဝေဒနာရှင်ကို အောင်မှတ်တွေ ပေးပြီး နောက်ထပ်မေးပါတယ်။ "ဘာဆက် လုပ်ဦးမှာလဲ" ဆိုတော့–

"ကျွန်တော် ကောင်မလေးရဲ့ အောက်ခံဘောင်းဘီ ချွတ်မယ်" လို့ ထပ်ဖြေပါတယ်။ အားလုံး သူ့အဖြေကို ကြိုက်လို့ အောင်မှတ်ပေးပြီး နောက်ဆုံးတစ်ဆင့် "မင်း ဘာလုပ်မှာလဲ" မေးလိုက်ချိန် ဆရာသမားက–

"ကောင်မလေးရဲ့ အတွင်းခံဘောင်းဘီက သားရေကြိုးကို ဖြုတ်ပြီး ခေါင်းပေါ်မှာ ချိတ်ထားတဲ့ ပူဖောင်းတွေကို လိုက်ပစ်မယ်" ဖြေလို့ ဆရာ သမားကို အရူးထောင်ထဲ ပြန်ထည့်လိုက်ရတဲ့ ဟာသမျိုးကို ကိုလတ်က ခပ်တည်တည်နဲ့ ပြောနေကျပါ။ သူက ဉာဏ်လည်း ကောင်းသလို အပေး အကမ်းလည်း ရက်ရောပေမဲ့ ကိုတော်မီကျော်နိုင်က သူ့ အမြဲထောက်ပံ့နေကျ ငွေကြေးတင် မကျေနပ်နိုင်ဘဲ အခက်အခဲ တစ်ခုအတွက် သူ့ဆီက ငွေ


ထောင်ဂဏန်း ဈေးပါတယ်။ ကိုတော်မီကို သူက သတ်မှတ်ချိန် ပြန်တောင်းပေမဲ့ ကိုတော်မီကလည်း သူ့အခက်အခဲနဲ့ သူမို့ ပြန်မဆပ်နိုင်ခဲ့ပါဘူး။

အဲဒီ ပြဿနာကို ကိုလတ်က လှလှပပလေး lesson ပေးမယ်ဆိုကာ ရယ်မောပြီး ကျွန်တော့် အိမ်ရှေ့မှာ ထိုင်ပြီး အိမ်ကနေ ပညာပေးလိုက်ပါတယ်။ ဝေဘာဂီမှာ နေတဲ့ ကိုတော်မီကျော်နိုင် ညနေစောင်းမှာ လက်ပန်းကျပြီး ကိုလတ်၊ ကျွန်တော့်ကို မနှိပ်စက်ပါနဲ့တော့ ဆိုပြီး အရှုံးပေးရတဲ့အထိ လှပစွာ ပညာပေးတာလေးလည်း အမှတ်တရ ရယ်စရာနည်းလေး ရေးပြချင်ပါသေးတယ်။ ။

(ဆက်လက် ရေးသားပါဦးမယ်)

[ကလောမှာ အနားယူရင်း မအိပ်ခင် အစ၊ အဆုံး တစ်ထိုင်တည်း ရေးခဲ့ပါတယ်]

**နိုင်ဇော် (Lazy Club)**



mgyoe.com
SAMPLE BOOK

## အပိုင်း – ၆

# ကျွန်တော်နဲ့ ငတ်ခဲ့ဖူးသော နေ့ရက်များ

(ဇာတ်သိမ်း)

ကျွန်တော့် မိတ်ဆွေ ကိုလတ်ကြီးက သူ မန်နေဂျာ လုပ်ပေးဖို့ ဝါသနာနဲ့ ငွေကြေးစိုက်ထုတ် ကူညီချိန် ကိုတော်မီကျော်နိုင်ကိုလည်း ချစ်လို့ ကိုတော်မီ ငွေကြေးအခက်အခဲ လိုအပ်ချိန် ငွေကြေးအနည်းငယ် စိုက်ထုတ် ချေးငှားပါတယ်။ ကိုတော်မီကျော်နိုင်ကြီးက ဝေဘာဂီမြို့သစ်မှာ ဖဆပလ ရပ်ကွက်ကို ဖျက်လိုက်တော့ ပြန်အစားရလို့ သွားနေပါတယ်။ သူ ယူထားတဲ့ ငွေ အချိန်တန်လို့ ပြန်မပေးတော့ အရာရာကို နောက်တတ်၊ ပြောင်တတ်တဲ့ ကိုလတ် (ယခု ဩစတြေးလျနိုင်ငံ၊ ပါ့တ်သ်မြို့မှာ အပြီးနေထိုင်သူ) က သူ့အိမ်မှာ ကျွန်တော် ရောက်နေချိန် ပြောပါတယ်။

ကိုတော်မီကြီး အကြွေးမပေးရင် အစ်ကို သူ့ကို စိတ်ညစ်အောင် စပြမယ် ဆိုပြီး လုပ်ပါတော့တယ်။ သူ လုပ်ပုံက သူ့အိမ်က အိမ်ဖုန်းကနေ ကိုတော်မီကြီး ပေးထားတဲ့ သူ့ကို ဆက်သွယ်ရမယ့် တစ်ဆင့်ဖုန်းကို ဆက်ပြီး ကိုတော်မီနဲ့ စကားပြောချင်ပါတယ် ဆိုပြီး ဖုန်းဆက်တာပါ။ အဲဒီအချိန် အိမ်ဖုန်းတွေပဲ ရှိလို့ အလုပ်ကိစ္စ ဆက်သွယ်ဖို့ ဖုန်းမရှိသူများ သိပ်မျက်နှာငယ်ရပါတယ်။ ဘယ်သူမှ အိမ်အထိလာပြီး အလုပ်အား၊ မအား မမေးချင်ကြလို့ ဝေဘာဂီမြို့သစ်မှာ နေရတဲ့ ကိုတော်မီ၊ သူ့ကို ဆယ်သွယ်လို့


mgyoe.com

mgyoe.com SAMPLE BOOK
ရမယ့် ဖုန်းတစ်ခု ကိုလတ်ကို ပေးထားပါတယ်။

အဲဒီဖုန်း ရှိတဲ့ အိမ်ကလည်း ခေါ်ပေးခယူပြီး ဖုန်းလာရင် သွားခေါ်ပေးတာပါ။ ကိုတော်မှီအိမ်နဲ့ဆို နှစ်လမ်းကျော်လောက်က အိမ်ဆိုတော့ ဝေးလည်းဝေးလို့ ခေါ်ပေးခရယ်၊ ဖုန်းခေါ်ရင် စောင့်ဆိုင်းခရယ် မိနစ်နဲ့ တွက်ပြီး ယူကြပါတယ်။ တချို့က ပြန်ဆက်မယ် ဆိုပြီး ဖုန်းကို ပြန်ချရင်တော့ စောင့်ဆိုင်းရတဲ့ မိနစ်ခ သက်သာပါတယ်။

ကိုလတ်က စချင်၊ နောက်ချင်တဲ့ နေရာ ဆရာတစ်ဆူမို့ ကိုတော်မှီကျော်နိုင်ကို ဖုန်းခေါ်ပေးပါ၊ ဖုန်းမချပါနဲ့ ဆိုတော့ ဖုန်းအိမ်က ခေါ်ပေးခလည်း ရပြီး စောင့်ဆိုင်းထားရတဲ့ အချိန်အလိုက်လည်း ဖုန်းခေါ်ခိုင်းသူဆီက ယူပါတယ်။ ကိုတော်မှီဘက်က ကြည့်ရင်လည်း ဝေဘာဂီမြို့သစ်မှာ နှစ်လမ်းကျော်လောက်က ဖုန်းလာတယ်လို့ လာခေါ်ချိန်၊ အလုပ်ကိစ္စ ထူးပြီ၊ ပွဲဆိုရပြီ၊ တီးဖို့ ငှားပြီ ထင်ပြီး အပြေးအလွှား လာဖုန်းကိုင်ပါတယ်။ တကယ်တမ်း ဖုန်းဖြေချိန် ကိုလတ်ကြီး ဖြစ်နေပြီး စချင်တဲ့ ကိုလတ်က ခပ်တည်တည်နဲ့ "ကိုတော်မှီ နေကောင်းလား၊ ခင်ဗျားကို သတိရလို့ ဆက်တာပါ" ဆိုပြီး ခပ်တည်တည်နဲ့ ပုံမှန်စကားပြောပြီး ဖုန်းချလိုက်ပါတယ်။

အဲဒီမှာတင် ကိုတော်မှီ ဖုန်းအိမ်ကို ငွေတော်တော် ပေးလိုက်ရပါတယ်။ နောက်တစ်နာရီလောက်နေ ဖုန်းထပ်ခေါ်တော့ ကိုတော်မှီ အပြေးအလွှား ရောက်လာပါတယ်။ ဖုန်းဆက်တာ ဘယ်သူမှန်းလည်း မသိရှာပါဘူး။ ထပ်ပြောတော့ ကိုလတ် ဖြစ်နေလို့ နောက်ထပ် ကိစ္စတစ်ခု ဟိုလိုဒီလို အကြောင်းမရှိ အကြောင်းရှာ ပြောတော့ ပြေးလာရတာ မောလည်းမော၊ ငွေလည်းကုန် ဖြစ်ရပါတော့တယ်။

ခက်တာက သူ့ဆီ ဖုန်းလာရင် လာမခေါ်ပါနဲ့ ပြောရင်လည်း တကယ့် အလုပ်ပေးမယ့်သူရဲ့ ဖုန်းဖြစ်မှ ဖုန်းအိမ်က ခေါ်မပေးရင် ဝေဘာဂီမြို့သစ်မှာ အားလုံးနဲ့ အဆက်အသွယ် ပြတ်ပြီး ဘာအလုပ်မှ မရမှာ အကြောက်ဆုံး ဖြစ်မှာပါ။ ဒါကြောင့် ညနေလောက် တစ်ခါ ထပ်ခေါ်လိုက်တော့ ကိုတော်မှီ လက်နက်ချလိုက်ပါတော့တယ်။

"ကိုလတ်၊ ကျွန်တော့်ကို အဲဒီလိုတော့ ဒုက္ခ မပေးပါနဲ့ဗျာ၊ ကျွန်တော် ငွေလည်း ကုန်၊ မောလည်း မောလှပါပြီ၊ တောင်းပန်ပါတယ်၊ နောက် အခုလို ဖုန်းမခေါ်ပါနဲ့၊ ကိုလတ်ရဲ့ငွေလည်း ပေးပါ့မယ်" ဆိုပြီး ပြန်ဖြေတဲ့အထိ စတတ်၊ နောက်တတ်တဲ့ ကိုလတ်နဲ့ ကိုတော်မှီကျော်နိုင်


mgyoe.com

mgyoe.com SAMPLE BOOK
တို့အကြောင်း အခုထိ သတိတရ ဖြစ်နေမိပါတော့တယ်။

အကြွေးတောင်းနည်း ဆိုလို့ ကျွန်တော့်လက်စွဲတော် ဇာတ်ကောင်ကြီး ဆရာမောင် ပြောပြတဲ့ အကြွေးတောင်းနည်း ရယ်စရာလေး တစ်ခုလည်း ကြုံတုန်းလေး ရေးပြချင်ပါတယ်။ သူက ငွေနည်းနည်းလိုလို့ သူ့မိတ်ဆွေ ဖား ဆိုတဲ့ ဆိုင်ကယ်ခရေဇီ တစ်ယောက်ဆီက ငွေနှစ်ထောင်လောက် ချေးပါတယ် (အချိန်က ကြာပြီနော်)။ ဖားက သူ့ကားဝပ်ရှော့ပြင်တဲ့ မြောင်းကြီးလမ်းထိပ်မှာ မနက်ဆို လာပြီး သူ့အကြွေးနှစ်ထောင်လာတောင်းပါတယ်။ မပေးနိုင်သေးတဲ့ ဆရာမောင်က လမ်းဘေး သူ့ဝပ်ရှော့နားက လက်ဖက်ရည်တစ်ခွက် ဖားကို တိုက်ပြီး နှစ်သိမ့်ပြန်လွှတ်ရပါတော့တယ်။ နောက်ရက်လည်း အကြွေးလာတောင်း၊ လက်ဖက်ရည်တိုက်ပြီး မပေးနိုင်သေးတာ ရှင်းပြနဲ့ တစ်လလောက် ကြာလာတော့ ဆရာမောင် ရိပ်မိလာပြီး ကျွန်တော့်ကို ရယ်စရာ ပြောပါတယ်။

"ငါ သူ့ကို တိုက်တဲ့ လက်ဖက်ရည်ဖိုးနဲ့ ပြန်တွက်ကြည့်ရင် ဖားဆီက ယူထားတဲ့ အကြွေး ကျေနေပြီ၊ အဲဒီကောင် မပေးနိုင်မှန်းသိလို့ လက်ဖက်ရည် မနက်တိုင်း လာသောက်နေတာ ငါအခုမှ သိတယ်" လို့ ပြောဖူးပါတယ်။

ကျွန်တော့် ပတ်ဝန်းကျင်မှာလည်း ကိုတော်မီလို၊ ဆရာမောင်လို၊ ကျွန်တော့်ဆရာ ကိုခင်မောင်မြင့်လို အခက်အခဲကို ရယ်ရယ်မောမော ဖြေရှင်းတတ်သူတွေရဲ့ အတုကို ယူမိတဲ့ ကျွန်တော်၊ အခုလည်း တောင်ငူစတိတ်ရှိုးကြီးမှာ လက်စွမ်းတွေပြ၊ ကိုတော်မီနဲ့ ဆံပင်တွေ ခါယမ်း အသားကုန်ဖွဲ့လိုဖွဲ့၊ ကိုခိုင်ထူးရဲ့ နာမည်ကြီး သီချင်းတွေ အကုန်လိုလို notes နဲ့အတိအကျတီးလိုတီး၊ ကိုယ် မသိ၊ မမီတဲ့ အဆိုတော်ပေါင်းစုံ၊ ရုပ်ရှင်မင်းသား၊ မင်းသမီး ပေါင်းစုံ ဆိုချင်သမျှ သီချင်းတွေ လက်တန်းတီးပြီး အောင်မြင်စွာ ရန်ကုန်ပြန်ခဲ့ဖို့ အချိန်မှ ကိုယ်တစ်ယောက်တည်း ခရီးဆက်ဖို့ ဖြစ်လာပါတော့တယ်။

လမ်းစရိတ် မပါတာက အဖွဲ့လိုက် ကားပေါ်တက်ပြီး စင်းလုံးငှားဘီအမ်ဟီးနိုးကားမို့ ပြဿနာ မရှိပေမဲ့ လမ်းမှာ ထမင်းစားဖို့က ငွေ မပါလို့ အခက်အခဲက ရှိနေပါတယ်။ ကိုတော်မီကိုလည်း ကျွန်တော့်ကို သတိတရ ခေါ်ပေးတဲ့ အချက်နဲ့တင် ကျေးဇူး မတရား တင်မိနေတာပါ။ သူမှ မခေါ်ရင် အဲဒီလို ပညာရှင်တွေနဲ့ တွဲတီးခွင့်၊ နာမည်ကြီးအဆိုတော်


mgyoe.com

m gyoe.com SAMPLE BOOK

ကြီးတွေ သီချင်းတီးခွင့် ရမယ် ထင်မထားတဲ့ ဘဝမှာငွေလည်း အရေးမကြီးဘူး ဆုံးဖြတ်ပြီး သူ ရတဲ့ နောက်ထပ်ပွဲတွေ ထပ်ခေါ်အောင် ဘာတစ်ခုမှ မတောင်းဆိုဘဲ ရန်ကုန် ပြန်မယ့် ဘီအမ် ဘတ်စ်ကားကြီးပေါ်တက်၊ နောက်ဆုံးတန်း လူမရှိတဲ့ နေရာမှာ တစ်ယောက်တည်း ထိုင်မိပါတယ်။

သူတို့အုပ်စုက လူငယ်တွေဖြစ်တဲ့ ကိုဇော်မင်းအောင်တို့၊ ကိုဇော်ထွန်းတို့နဲ့ကတော့ ခင်မင်ပြီး သူငယ်ချင်းတွေ ဖြစ်ကုန်ကြလို့ လက်ပြနှုတ်ဆက်ပြီး ရန်ကုန်ပြန်ခရီး စထွက်ခဲ့ပါတယ်။ ဘတ်စ်ကားပေါ်မှာ နာမည်ကြီး အဆိုတော်တွေ၊ အတီးပညာရှင်တွေက ကိုယ့်မိတ်ဆွေတွေ၊ အဖော်တွေ၊ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး စကြ၊ နောက်ကြ၊ ညက စတိတ်ရှိုးပွဲက အကြောင်းတွေ ပေါ့ပေါ့ပါးပါး ပြောနေကြတာ၊ ကျွန်တော်က pro တွေရဲ့ လွတ်လပ်ပေါ့ပါးမှုကို ငေးကြည့် နားထောင်နေရင်း ငါ နောက်ထပ် ဘယ်တော့မှများ သူတို့လိုဘဝ ရောက်မှာလဲ အားကျနေမိသလို၊ ကိုယ် ပစ်စလက်ခတ် ထားခဲ့ရတဲ့ ကန်ထရိုက်တိုက်က စတိုခန်းသော့ကို ဖွင့်ပြီး အထဲက ဘိလပ်မြေအိတ်တွေ၊ သံတွေ ပျောက်ကုန်ပြီလားလည်း အခုမှ စိတ်ပူရပါတော့တယ်။

အရာရာကို ခွင့်လွှတ်နားလည်ပေးတဲ့ အလုပ်ရှင်တွေ ပြန်လာအောင် မစောင့်ဘဲ၊ ကိုတော်မီ ခေါ်ရာ ထလိုက်မိခဲ့တာ အခုဆို သုံးရက်ရှိပြီမို့ ခွင့်လည်း မတိုင်လို့၊ ငါ့နေရာကို တခြားတစ်ယောက် အစားထိုးပြီး ပြီလားလို့လည်း စိတ်ပူနေမိပါတယ်။ လက်ကျန်ငွေက အပြန်လမ်းစရိတ် ဘတ်စ်ကားခနဲ့ မုန့်စားဖို့ နည်းနည်းပဲ ရှိလို့ လုံးဝ မတို့၊ မထိဘဲ ရန်ကုန် ပြန်ရောက်မှ အိမ်မှာ ထမင်းစားရတော့မယ့် အခြေအနေပါ။

အဲဒီခေတ်က အနုပညာကြေး ယူပြီး အလုပ်လုပ်ကြရင် အပြန်မှာ ကိုယ့်တာဝန် ကိုယ် ယူကြရတာပါ။ အနုပညာကြေး အပြည့်ရဖို့ အလိမ်မခံရဘဲ ကိုယ့်တီးခ၊ ဆိုခ ရရင်ပဲ ပျော်ပြီး အိမ်ပြန်ကြရတာပါ။ အခုခေတ်ကျတော့ ပွဲငှားသူတွေက အပြန်စရိတ်၊ အိမ်အထိ ကားပါ စင်းလုံးငှားပေးတဲ့ အဆင့် ရောက်လာပါပြီ။ ကျွန်တော် တစ်ယောက်တည်း ကားပေါ်ကနေ အပြင်ဘက်က မြို့တွေ၊ ရွာတွေ ဖြတ်သန်းသွားနေတာ ကြည့်ရင်း ကိုယ့်အောင်မြင်မှုကို အရသာခံ ကျေနပ်နေပေမဲ့ နေ့လယ် ဆယ့်နှစ်နာရီကျော်ကျော်လောက်မှာ ထမင်းစား နားဖို့ ကားဆရာတွေက ထမင်းဆိုင်ကြီး

mgyoe.com

mgyee.com SAMPLE BOOK

တစ်ဆိုင်ရှေ့မှာ ရပ်ပေးလိုက်ပါတယ်။

ရန်ကုန်–မန္တလေး လမ်းဟောင်းပဲ ရှိချိန်၊ ထမင်းဆိုင် ဆိုတာ အခုလို အကြီးစားကြီး၊ အပျံစားကြီးတွေ မရှိသေးဘဲ သွပ်မိုးထားတဲ့ သစ်သားအိမ် ခပ်ကြီးကြီးလို ထမင်းဆိုင်တွေပဲ ရှိတဲ့ခေတ်မှာ မြို့တစ်မြို့နဲ့ တစ်မြို့ကြားက လူသူရှင်းတဲ့ သစ်ပင်ကြီးတစ်ပင်က ဆိုင်ရှေ့မှာ ရှိသလို၊ လမ်းဘေးမှာ စားစရာလေးတွေ ခေါင်းပေါ် တင်ရောင်းသူ ဈေးသည်လေးတွေက အပြင်မှာ အများကြီးရှိတာ တွေ့ရပါတယ်။

ကားက သစ်ပင်ရိပ်မှာ ရပ်လိုက်တော့ အဆိုတော်တွေ၊ အတီးဆရာကြီးတွေအားလုံး ဆိုင်ထဲဝင်၊ ကိုယ် စားချင်တာ မှာစားနေကြတာ တွေ့ရပါတယ်။ ဆိုင်ထဲ ဝင်ထိုင်မိလို့ ကိုယ် စားတာ ကိုယ် ရှင်းရမယ်ဆို ကျွန်တော့်မှာ ထမင်းဖိုး မရှိလို့ အရှက်ကွဲမှာပါ။ တခြား အနုပညာရှင်တွေနဲ့ ဝင်ရောပြီး ထမင်းဖိုး သက်သာအောင် ခုံးဆင်းဒိုင်ဗင်ပစ်တဲ့ အကျင့်က အခုထိ ကျွန်တော့်မှာ မရှိတဲ့ စိတ်ဓာတ်မို့ ဆိုင်ထဲ မဝင်ဘဲ အပြင်မှာပဲ ဟိုငေးဒီကြည့် လုပ်နေမိပါတယ်။

သစ်ပင်ရိပ်အောက်မှာ ယောင်ချာချာ လုပ်နေတဲ့ ကျွန်တော့်လို လူမသိ၊ သူမသိ ချာတိတ်၊ နာမည်မရှိတဲ့ ဂီတာသမား တစ်ယောက်ကို ဘယ်သူကမှလည်း အရေးမစိုက်ကြပါဘူး။ ဒါကြောင့် ကိုယ့်ရှိတဲ့ငွေနဲ့ လက်လှမ်းမီတဲ့ ငှက်ပျောသီးနှစ်လုံး လမ်းဘေးဈေးသည်ဆီက ဝယ်နေတုန်း မထင်မှတ်ဘဲ လူတစ်ယောက် အနောက်ကနေ စကားလာပြောပါတယ်။ လှည့်ကြည့်လိုက်တော့ နိုင်ငံကျော် အဆိုတော် ခိုင်ထူးပါ။ သူက ပုဆိုးတိုတို၊ အင်္ကျီကလည်း မြင်းခေါင်းတံဆိပ် စွပ်ကျယ်လက်တိုနဲ့ လွယ်အိတ်တစ်လုံးကို ကပိုကရို လွယ်ထားပါတယ်။

"ခင်ဗျား ဘာလုပ်နေတာလဲ၊ ဆိုင်ထဲလာလေ၊ ကျွန်တော်တို့နဲ့ ထမင်း လာစားပါ၊ ကျွန်တော့်ကို ကိုဗညား (ယခု Iron Cross keyboard ပညာရှင်) က လှမ်းပြတာ၊ ခင်ဗျား ထမင်း ဝင်မစားဘူး၊ ဆိုင်အပြင်မှာ ရပ်နေတာ ပြလို့၊ လာခဲ့ပါ၊ ကျွန်တော်တို့ ကျွေးပါ့မယ်" ဆိုပြီး လာခေါ်နေပါတယ်။

ကျွန်တော့်ကို အခုလို သတိတရ ထမင်းငတ်နေချိန်၊ ငွေမပါလို့ ဆိုင်ထဲ မဝင်ရဲဘဲ အပြင်မှာ ရပ်နေတာ၊ ထမင်း ဖိတ်ခေါ်ကျွေးတဲ့ ကိုခိုင်ထူးနဲ့ ကိုဗညားကို ကျေးဇူးတင်မိပေမဲ့ အနုပညာသမား တစ်ယောက်ရဲ့ မာန



mgyee.com

ကိုလည်း စောင့်သိချင်မိတဲ့ ကျွန်တော်၊ ကိုခိုင်ထူးကို ကျေးဇူးတင်ကြောင်း ပြန်ပြောပြပြီး "ကျွန်တော် ဗိုက်မဆာလို့ပါ၊ မနက်ကလည်း စားလာခဲ့လို့ပါ" လို့ ခပ်တည်တည် ညာလိုက်ရပါတော့တယ်။ ကိုခိုင်ထူးလည်း ကျွန်တော့်ကို ဘယ်လိုမှ ဆိုင်ထဲ ခေါ်မရလို့ ရယ်ရယ်ပြုံးပြုံးနဲ့ အထဲ ပြန်ဝင်သွားပါတော့တယ် (ကျွန်တော် သူ့ကို အဲဒီအကြောင်း နောက်ပိုင်း စတိတ်ရှိုးတွေတီးချိန် ပြောပြဖြစ်ခဲ့ပါတယ်)။

ငှက်ပျောသီး နှစ်လုံးဖိုးပဲ တတ်နိုင်တဲ့ ကျွန်တော်၊ အဲဒီနေ့က ထမင်းငတ်ခဲ့ပေမဲ့ ရန်ကုန် ဝင်လာချိန် ထမင်းဆာတာထက် အရေးကြီးတာ တစ်ခု ရှိနေလို့ အိမ်မပြန်နိုင်ဘဲ ဆင်မလိုက် အဝေးပြေးကွင်းမှာ ကားရပ်ချိန် ချန်ထားတဲ့ ဘတ်စ်ကားခနဲ့ အမြန်ကားပေါ်တက်၊ ကန်ထရိုက်တိုက်ဆီ ခရီးဆောင်အိတ်နဲ့ ပြေးခဲ့ရပါတယ်။

ကျွန်တော် အလုပ်ပြုတ်ပြီလား သိပ်သိချင်နေမိပါတယ်။ ခွင့်မတိုင်ဘဲ ခရီးထွက်သွားလို့ ပြုတ်ပြီ၊ အလုပ်ထုတ်လိုက်ပြီ ဆိုလည်း ကျွန်တော် တီးနေတဲ့ ဟော်လိုဂီတာလေး လာသိမ်းဖို့က အဓိပါ။ နှစ်ဆယ့်နှစ်လမ်းထိပ် မဟာဗန္ဓုလလမ်းပေါ်က တိုက်ကြီး ပြန်ပြင်တဲ့နေရာရှေ့ ကျွန်တော် ရောက်ချိန် ညနေ ငါးနာရီလောက် အလုပ်သိမ်းခါနီး ဖြစ်နေပါပြီ။

သံပန်းတံခါး ပိတ်ထားလို့ အထဲကို မရဲတရဲ ကြည့်ပြီး တံခါးဖွင့် ဝင်လိုက်ချိန်၊ ကန်ထရိုက် ဦးကံကြီးက ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း သတင်းစာ ဖတ်နေပါတယ်။ သူက စိတ်လည်းတို၊ ဆူလည်းဆူ၊ အော်လည်း အော်၊ အကျွေးအမွေးလည်း ရက်ရော၊ လူကလည်း လူမှန်ကြီးမို့ ကျွန်တော် သူ ဘာပြောမလဲ ခန့်လန့်လန့်နဲ့ နှုတ်ဆက်လိုက်ပါတယ်။

"အန်ကယ်၊ ကျွန်တော် ပြန်ရောက်ပါပြီ" ဆိုတော့ သူ့ပါးစပ်မှာ ဆေးလိပ်ခဲရင်း "မင်း အိမ်က လာတာ မဟုတ်ဘူးလား" တဲ့။ ကျွန်တော်က "မဟုတ်ပါဘူး အန်ကယ်၊ ကျွန်တော် အလုပ်ကို အရင်လာတာပါ" လို့ အဝတ်အစားအိတ်ကို ပြလိုက်ပါတယ်။ ကန်ထရိုက်ကြီးက "မင်းက ငါတို့ အလုပ်ကို သံယောဇဉ် ရှိလို့ အဝေးကြီးက ပြန်လာတာတောင် အိမ်အရင် မပြန်ဘဲ၊ အလုပ်ကို အရင်လာတဲ့ စိတ်ဓာတ်ကို ကြိုက်ပြီ၊ မင်း ပေးခဲ့တဲ့ စတိုခန်း သော့တွေလည်း ငါ့ကို မောင်မောင် (ကျွန်တော်နဲ့အတူ လသာ ရဲစခန်း ရန်ဖြစ်မှုနဲ့ ရောက်တဲ့ ပန်းရန်ဆရာလေး) ပေးတယ်၊ ငါလည်း အနုပညာကို ချစ်ပါတယ်၊ မင်း အခုလို ဂီတာသမား ဖြစ်ချင်လို့ သွားတာ



mgyoe.com

ငါ နားလည်ပါတယ်၊ နောက်ဆို အဲဒီလို ပွဲတွေ တီးဖို့ရှိရင် ငါ့ကို ကြိုသာ ပြော၊ ငါ လွှတ်ပေးမယ်၊ အခု အိမ်ပြန်နားတော့၊ စတိုခန်းတွေ ငါ ပိတ်လိုက်မယ်” ဆိုတဲ့ စကား ကြားရချိန် ငါ အလုပ်မပြုတ်တော့ဘူး ဆိုပြီး ကျွန်တော် အမှန်တကယ် ပျော်နိုင်ပါတော့တယ်။

တစ်ပတ်လောက် အကြာမှာ ကျွန်တော် အလုပ်ပြန်ဝင်တဲ့ ကန်ထရိုက်တိုက်ကို ကိုတော်မီ ရောက်လာပြီး လက်ဆောင်ပစ္စည်းတွေ လာပေးပါတယ်။ သူ အပြန် လိုက်မလာလို့ ထမင်းငတ်ခဲ့ရတဲ့ အကြောင်း ကျွန်တော် သူ့ကို အပြစ်လည်း မတင်၊ ပြောလည်း မပြောဖြစ်ခဲ့တော့ပါဘူး။

ကျွန်တော့်ရဲ့ ဂီတာသမားတစ်ယောက် ပထမခြေလှမ်းဟာ ထမင်းတစ်နပ် စားရဖို့ထက် ထမင်းတစ်နပ် ငတ်ခဲ့ဖူးတာ ပိုပြီး အမှတ်တရ ဖြစ်နိုင်မယ့် တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင် ကျွန်တော် ရလိုက်ပြီမို့ တစ်သက်လုံး ကျေနပ်နေမိပါတော့တယ်။ ။

(ဒီစာစုလေးကို ကလောမှာ တည်းခိုနေတဲ့ Junction Rose Hotel အခန်းနံပါတ် 111 မှာ အမှတ်တရ ရေးခဲ့ပြီး မနက် လေးနာရီခွဲ အိပ်ရာက နိုးနေချိန် ရေးတာ မနက် ခြောက်နာရီခွဲ အတိမှာ ပြီးဆုံးခဲ့ပါတယ်။ အပိုင်းခြောက်ပိုင်းအထိ အချိန်ပေး စောင့်ဆိုင်း ဖတ်ရှုကြတဲ့ စာဖတ်ပရိသတ် အားလုံးလည်း ကျေနပ်နိုင်ကြမယ် ထင်မိပါတယ်)

**နိုင်ဇော် (Lazy Club)**

(ခေတ္တ–ကလော)

■



mgyoe.com SAMPLE BOOK

## အပိုင်း – ၁

# ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ

ဒီမနက်က Facebook ကျွန်တော့် wall ပေါ်မှာ ကွယ်လွန်တဲ့သတင်း ကျွန်တော် တင်ခဲ့တဲ့ ကျွန်တော့် ဘော်ဒါလည်း ဘော်ဒါ၊ အနုပညာမိတ်ဆွေလည်း မိတ်ဆွေ၊ ကျွန်တော့်ရဲ့ လမ်းပြဆရာလို့လည်း ခေါ်နိုင်တဲ့ ကိုမာရဇ္ဇ ဆိုတာ ကျွန်တော်တို့နဲ့ ခရီးတွေ အမြောက်အမြား သွား၊ ရဲစခန်းလည်း အတူရောက်ဖူးသလို၊ သူနဲ့ ကျွန်တော် မထိုးမကြိတ်ရုံလည်း စိတ်ဆိုးကြဖူးပါတယ်။ ကျွန်တော်က ကလေးဆန်သလောက်၊ သူက နာမည်ကြီးပေမဲ့ သည်းခံခွင့်လွှတ်ပြီး လက်ဖက်ရည်ဆိုင်လေးရဲ့ စားပွဲအပုလေးမှာ မျက်နှာချင်းဆိုင် ထိုင်ပြီး ကျွန်တော်က လမ်းခွဲစကား ပြောခဲ့ဖူးပါတယ်။

ရင့်ကျက်ချိန်မှာတော့ ကျွန်တော့်စကား ကျွန်တော် သိပြီး ပြန်တောင်းပန်ခဲ့ဖူးပါတယ်။ ရေးစရာတွေ၊ ရယ်စရာတွေနဲ့ သူနဲ့ ကျွန်တော့်အကြောင်း ရေးရရင် ရေးမကုန်အောင်ပါ။ အခုလည်း မနက်ဖြန် သင်္ဂြိုဟ်မယ့် ကျွန်တော့် အစ်ကိုရဲ့ နာရေးအတွက် ရေဝေးကို နာရေးကူညီမှုအသင်းကားနောက်က ကျွန်တော့်ကားနဲ့ လိုက်ပို့ပြီး ရေခဲတိုက်ထဲ ကျွန်တော့်အစ်ကိုအလောင်းကို ကျွန်တော်ကိုယ်တိုင် ထည့်ပြီးချိန်၊ မနက်ဖြန် နာရေးအချိန်က သိပ်မကွာလို့ ကျွန်တော့်အစ်ကို နာရေးပို့ပြီး မပြန်တော့ဘဲ



mgyoe.com

m gyoe.com SAMPLE BOOK
သူ့နာရေးကို နှစ်နာရီထိ ဆက်နေလိုက်မယ် ဆုံးဖြတ်လိုက်ပါတယ်။

ရေခဲတိုက် ဝန်ထမ်းလေးတွေကို မနက်ဖြန် အဆိုတော် မာရဇ္ဇ နာရေးရှိလို့ သူ့အလောင်း မရောက်သေးဘူးလား တစ်ဆက်တည်း မေးလိုက်တော့ ရောက်နေပြီ အထဲမှာလို့ ပြန်ပြောချိန်၊ ရေခဲခန်းထဲမှာ လဲလျောင်းနေမယ့် ကျွန်တော့်ရဲဘော်ရဲဘက်ကြီး၊ စင်မြင့်ပေါ်မှာ Rock တိုက်ပွဲ အတူနွှဲဖော်နွှဲဖက်ကြီးက လူမသိ၊ သူမသိ ရေခဲခန်းထဲ လဲလျောင်းနေချိန်၊ ကျွန်တော် အခန်းအပြင်ကနေ သူနဲ့ ကျွန်တော် အနေအထားကို စိတ်မကောင်းစွာနဲ့ ကျွန်တော့်အစ်ကို အလောင်းကို သူနဲ့ အတူရှိနေမယ့် ရေခဲခန်းထဲ ထည့်ပြီး ပြန်လာခဲ့ရပါတယ်။

လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့က အသံသွင်းမှာ ကျွန်တော် သူနဲ့ပတ်သက်တဲ့ ရယ်စရာတစ်ခု သူငယ်ချင်းတွေနဲ့ ပလောင်အဆိုတော်ကို ပြောပြလိုက်ပါတယ်။ သူလည်း သိပြီးသားပါ။ ကျွန်တော်တို့ သူ့ကို စ,နေကျပါ။

တစ်မနက်ခင်း လက်ဖက်ရည်ဆိုင် ထိုင်နေတဲ့ ကျွန်တော့် Juke-Box Band က Bass သမားကို ရပ်ကွက်ထဲက အဆိုဝါသနာရှင် ကောင်လေးက သူ သိချင်တာတစ်ခု လာမေးပါတယ်။ အရင်းမရှိ၊ အဖျားမရှိ "အစ်ကို၊ ကိုမာရဇ္ဇ tempo (အမြန်နှုန်း) ဘယ်လောက် ရှိလဲ" လို့ မေးတော့ (တကယ်ဆို ကိုမာရဇ္ဇရဲ့ ဘယ်သီချင်း tempo နံပါတ်က ဘယ်လောက်လဲ မေးရမှာ၊ အခုတော့ သီချင်းနာမည် မပါဘဲ ကိုမာရဇ္ဇ tempo ဘယ်လောက်လဲ မေးတော့) ကျွန်တော့် သူငယ်ချင်းကလည်း စချင်လာလို့ "မင်း သီချင်းရင် သူနဲ့ တစ်ည သွားအိပ်ကြည့်ပါလား" လို့ ပြောလိုက်ပါတော့တယ်။

ကိုမာရဇ္ဇနဲ့ တွေ့တိုင်း အဲဒီအကြောင်း စနေကြတာ သူလည်း သိနေလို့ "ကိုမာကြီး tempo ဘယ်လောက်လဲ" လို့ စ,လိုက်တိုင်း သူ့ရဲ့ ပါးစပ်အထဲထောင့်က သွားလေးတစ်ချောင်း ကျိုးနေတာ ပေါ်အောင် ရယ်ပြီး "မင်းကတော့ လုပ်ပြီ" လို့ ပြောနေကျပါ။ အဲဒီအကြောင်း မကြာသေးခင် နှစ်ရက်က studio မှာ ပြန်ပြောပြချိန် သူ အခုလို ကွယ်လွန်မယ်လို့ အိပ်မက်ထဲတောင် မမက်ဖူးခဲ့ပါဘူး။ အခုမနက် သူငယ်ချင်း အောင်အောင် (ရော့ခ်မှုဆိုး) ဖုန်းဆက် သတင်းပေးချိန် ကျွန်တော် အံ့ဩသွားမိပါတယ်။

အခက်အခဲ တစ်ခုခုဆို သူနဲ့ ကျွန်တော် အတူတူ အရှေ့က ရင်ဆိုင်ပြီး ထွက်မပြေးစတမ်း ခုခံကြတာ၊ ရဲစခန်းအထိ အတူတူ ကျောချင်းကပ် သစ္စာမဖောက်ကြေး တိုက်ပွဲဝင်ခဲ့ဖူးတာလေးလည်း ပြန်သတိရမိ


mgyoe.com

ပါတယ်။ ဖြစ်ပုံက နယ်မြို့တစ်မြို့မှာ အတူ စတိတ်ရှိုး သွားတီးကြချိန်က စ,တာပါ။ ။

(အချိန်ရရင် ဆက်ရေးပါဦးမယ်)

နိုင်ဇော် (Lazy Club)

■





mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း – ၂

# ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ

ဘဝမှာ ကိုမာရဇ္ဇနဲ့ ပတ်သက်ဖူးသမျှ သတိအရဆုံး အမှတ်တရ တစ်ခု ပြောပြပါဆို မြန်အောင်မြို့မှာ ကျွန်တော်တို့ Juke-Box နဲ့ ကိုမာကြီး (သူ့ကို နာမည်ပြောင် ကိုမာကြီးလို့ ခေါ်ကြသလို၊ တချို့ကလည်း မောရစ်စ် လို့ ခေါ်ကြပါတယ်) ၁၉၉၈ လောက်က ထင်ပါတယ်။ သူ့ကို ပွဲတစ်ပွဲ လာငှားပါတယ်။ သူက ဘယ်သူ လာငှားငှား ကျွန်တော်တို့ Band နဲ့ပဲ ဆိုမယ် ဆိုပြီး ရဲဘော်ရဲဘက်စိတ်နဲ့ အလုပ် လက်ခံပေးလို့ ကျွန်တော်တို့ အားလုံး ခရီးသည်တင် အဝေးပြေး စင်းလုံးငှားကားနဲ့ ညနေခင်းတစ်ခု ခရီးထွက်ခဲ့ကြပါတယ်။

ပွဲစီစဉ်သူတစ်ယောက်က ဆိုပျော်တွေ ခေတ်စားနေချိန် ဆိုကြမယ် ပျော်ကြမယ်က ဆုရတွေရော၊ မရတာတွေရော အကုန်ခေါ်ပြီး တခြားဝိုင်းနဲ့ တီး၊ ကိုမာရဇ္ဇ တစ်ယောက်ပဲ နာမည်ကြီး ငှားပြီး ပွဲအပိတ်မှာ ဆိုဖို့ စီစဉ်ထားတာပါ။ ကျွန်တော်တို့အဖွဲ့ရဲ့ ကီးဘုတ်သမားက မအားလို့ Aurora Band က နာမည်ကြီး ကီးဘုတ်ဆရာ အောင်မြတ်ထွဋ်ကို Session Player အနေနဲ့ အကူအညီတောင်း ခေါ်ခဲ့ပါတယ်။

သူက စတိတ်ရှိုး တီးပြီး နောက်တစ်နေ့ ညနေ သူ့မိခင်ဝိုင်း


mgyoe.com

mgyoe.com

Aurora က တရုတ်တန်းက မေဖွားခန်းမမှာ တီးဖို့ပွဲရှိလို့ အရောက် ပြန်ပို့ပေးဖို့တော့ ပြန်ပြီး ကတိတောင်းပါတယ်။ ကျွန်တော်တို့အားလုံး တိုင်ပင်ပြီး အောင်မြတ်ထွဋ် တစ်ယောက်တည်းဆို ပွဲပြီးတာနဲ့ ပြန်မပို့မှာစိုးလို့ အားလုံး ရန်ကုန်ကို ပွဲတီးဖို့ ချက်ချင်း ပြန်မယ်လို့ ပွဲစီစဉ်သူကို ကြိုသတိပေး ထားလိုက်ပါတယ်။ ပွဲစီစဉ်သူက စိတ်ချပါ၊ ပြန်ပို့ပေးပါ့မယ် ကတိပေးလို့ ကျွန်တော်တို့ စိတ်မပူဘဲ ခရီးထွက်ခဲ့ကြပါတယ်။

ခရီးထွက်ဖို့ ကျွန်တော်တို့ ချိန်းတဲ့ စုရပ်ကို ရောက်ချိန် စောနေလို့ ကားပေါ်မှာ ကြိုက်တဲ့ နေရာ ယူကြပါတယ်။ ဆိုကြမယ်၊ ပျော်ကြမယ်က ကောင်မလေး ချောချောတွေနဲ့ ဘေးချင်းကပ်ထိုင်ရင်း မိတ်ဆွေဖြစ်ရအောင် ရည်စူးသလား မသိရဘဲ၊ ကိုမာကြီးနဲ့ ကျွန်တော့် drummer က နှစ်ယောက် ထိုင်ခုံ တစ်ခုစီမှာ တစ်ယောက်စီ ထိုင်နေကြပါတယ်။ ပြုံးစိစိနဲ့ သူတို့ကို ကျွန်တော်တို့က ဝိုင်းကျပ်နေကြပါတယ်။ သူတို့ဘေးကို စော်လေး တစ်ယောက်စီ ထိုင်မလား၊ မထိုင်ဘူးလား စိတ်ဝင်စားနေမိပါတယ်။ သူတို့နှစ်ယောက်က ရှေ့ဘက် ခပ်ကျကျ ထိုင်ခုံတစ်ခုစီ ယူထားကြပါတယ်။

ခဏနေ ဆိုပျော်က ကလေးတွေ၊ ကောင်မလေးတွေ အုပ်စုလိုက် ရောက်လာကြပြီး ကားပေါ်တက်လာကြပါတယ်။ ကိုမာကြီးနဲ့ ကျွန်တော့် သူငယ်ချင်း drummer ဘေးက ဖြတ်ပြီး တစ်ယောက်ပြီး တစ်ယောက် ကျော်သွားကြတာ ကျွန်တော်တို့ ဝိုင်းစ,နေလို့ သူတို့လည်း မျက်နှာပျက်စ ပြုနေပါပြီ။ သူတို့ တစ်ယောက်ချင်းစီရဲ့ ဘေးကို တကယ် ဝင်ထိုင်သူ နှစ်ယောက် ပေါ်လာပါတော့တယ်။ အဲဒါက အဆို ကောင်မလေးတွေကို အလှပြင်ပေးမယ့် အလှ ဖန်တီးရှင် မာမီနှစ်ယောက်က ကိုမာကြီးဘေး တစ်ယောက်၊ drummer ဘေး တစ်ယောက် ဝင်ထိုင်တော့ ကျွန်တော်တို့ အသားကုန် ဝိုင်းလောင်ကြပါတော့တယ်။

ကားကလည်း စထွက်၊ သူတို့ ဘေးမှာလည်း ဂျော်ရကီးတစ်ယောက် စီနဲ့၊ စုံတွဲခရီးထွက်သလို မှန်းချက်နဲ့ နှမ်းထွက် မကိုက်တဲ့ သူတို့နှစ်ယောက် နောက်ဆုံး လက်နက်ချလိုက်ပါတော့တယ်။ မင်္ဂလာဒုံလောက်မှာ မိတ်ကပ် ဆရာ နှစ်ယောက်ကို နင်တို့နှစ်ယောက် အတူထိုင်၊ ငါတို့နှစ်ယောက်လည်း အတူပြန်ထိုင်မယ် ညှိပြီး နေရာ ပြန်လဲတာ ကျွန်တော်တို့ ရယ်လို့မဆုံး ဖြစ်ခဲ့ကြပါတယ်။

မြန်အောင်ကို မနက်ခင်း ရောက်တော့ တည်းခိုခန်းတစ်ခုမှာ

mgyoe.com

m gyi SAMPLE BOOK
ကျွန်တော်တို့နဲ့ ကိုမာကြီးကို ထားပါတယ်။ မနက်စာ ထွက်စားကြပြီး အနီးအနားက ဘုရားတစ်ဆူ ဝင်ဖူးကြမလို့ ဘုရားထဲဝင်လိုက်ချိန် အဆိုတော် မာရဇ္ဇ ဘုရားလာဖူးတယ် ဆိုပြီး ကျွန်တော်တို့ အဖွဲ့နောက်က လူအုပ် လိုက်ကြီး လိုက်လာကြည့်ကြပါတော့တယ်။ အဲဒီလို ဘုရားပရဝဏ်ထဲ လူတရုန်းရုန်း နောက်က လိုက်လာပြီး ဘုရားဖူးနေကြတုန်း အဘွားကြီး တစ်ယောက်က သားတို့အားလုံး လာခဲ့၊ လက်အုပ်ချီ ဆိုပြီး အကုန်လုံး သူ တိုင်ပေးတဲ့ ဘုရားစာကို လက်အုပ်ချီ လိုက်ဆိုကြပါတယ်။ ခက်တာက အဘွားကြီး တိုင်ပေးတာက မပြီးနိုင်၊ မစီးနိုင် ဘုရားစာတွေ ဖြစ်နေလို့ ငါးမိနစ်ကျော်လာတော့ မျက်စိဖွင့်ကြည့်မိချိန် ဘေးကလူတွေက ရယ်နေကြ သလို၊ လက်ဟန်ခြေဟန်နဲ့ အဘွားကြီးက ဂေါက်သီး၊ စိတ်မနှံ့ဘူး ဆိုတာ ပြောပြလို့ သိလိုက်ရပါတယ်။

အဘွားကြီး တိုင်ပေးတဲ့ ဘုရားစာ လိုက်ဆိုနေကြသူတွေကို မသိ မသာ ဘေးကနေ လက်ကုတ်ပြီး အဘွားကြီး မသိအောင် အပြင်ခိုးထွက် ကြရင်း ကျွန်တော်တို့ရော၊ ကိုမာကြီးရော၊ အကုန်လုံးလိုလို ဘေးက လူအုပ်ထဲ မသိမသာ ထွက်လာကြပါပြီ။ နောက်ဆုံး ကျန်ခဲ့တာက အဘွားကြီးကို အားနာနာနဲ့ အဘွားကြီး ပြောသမျှ ဘုရားစာ လိုက်ဆိုနေတဲ့ ကီးဘုတ် အောင်မြတ်ထွဋ် တစ်ယောက်ပဲ ကျန်ပါတော့တယ်။ ကျွန်တော်တို့ တည်းခိုခန်း ပြန်နားကြဖို့ သူ့ကို ခေါ်ချင်ပေမဲ့ အဘွားကြီးလက်ထဲ သက်ဆင်း မိနေတဲ့ အောင်မြတ်ထွဋ်ကို ကျွန်တော်တို့ drummer ရော့ခ်မှုဆိုးက စချင်လာပါတော့တယ်။

အဘွားကြီးဆီ ရှိရှိသေသေ သွားပြီး "အမေကြီး၊ သားတို့အဖွဲ့ အလုပ်လေးတွေ ရှိသေးလို့ ပြန်ခွင့်ပြုပါ" လို့ သွားပြောပါတယ်။ အဘွားကြီး ကလည်း "အေးပါ သားတို့ ပြန်ကြပါ" လို့ ပြန်ပြောပါတယ်။ ရော့ခ်မှုဆိုးက "သားတို့ကိုယ်စား အမေကြီးကို ခြေဆုပ်လက်နယ် ပြုပေးဖို့အတွက် ဒီ ကောင်လေးကို အမေကြီးဆီ အပြီးအပ်ခဲ့ပါတယ်" ဆိုမှ အောင်မြတ်ထွဋ် လည်း သူ့ကို တကယ် ထားခဲ့မယ် ထင်ပြီး "မလုပ်ပါနဲ့၊ ကျွန်တော် လိုက်ခဲ့ပါတော့မယ်" ဆိုပြီး စိတ်မနှံ့တဲ့ အဘွားကြီးလက်က အပြေးအလွှား ထွက်ပြေးလာတာ ဘေးက လူတွေပါ အကုန်ဝိုင်းရယ်ကြပါတော့တယ်။

အဲဒီည စတိတ်ရှိုးမှာ ပြဿနာဖြစ်ပြီး ကိုမာကြီးနဲ့ ကျွန်တော်တို့ Juke-Box အဖွဲ့သားအားလုံး ရဲစခန်း ရောက်ရပါတော့တယ်။ အကြောင်းရင်းက



mmyoe.com

ပွဲစီစဉ်သူက ရန်ကုန်ကို စတိတ်ရှိုး ပြီးတာနဲ့ ချက်ချင်း ပြန်ပို့မယ် ဆိုတဲ့ ကတိကို သူက စဖောက်လို့ ကျွန်တော်နဲ့ ကိုမာကြီး မခံမရပ်နိုင် ဖြစ်ကြရာက စခဲ့တာပါ။ ။

(ဆက်လက် ရေးပါဦးမယ်)

နိုင်ဇော် (Lazy Club)

■



mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း – ၃

# ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ

ကျွန်တော်တို့ Juke-Box Band နဲ့ ကိုမာရဇ္ဇတို့ကို မြန်အောင်မြို့ အတွက် ငှားသူက လူသိများ ထင်ရှားသူတစ်ယောက်ပါ။ နာမည်လည်း ကြီးပါတယ်။ သူ ခေါ်လာတဲ့ အဆိုတော် အသစ်လေးတွေကြားမှာ ဘာမှန်း ညာမှန်း မသိရသူ၊ ဘာညာမိန်းကလေးလို့ ယူဆရသူ နှစ်ယောက်လောက် လည်း ကားပေါ်မှာ မသင်္ကာစရာ တွေ့ရပါတယ်။

အဲဒီညက စတိတ်ရှိုး ဆိုကြမယ့် အဆိုရှင် အသစ်တွေနဲ့ ပွဲစီစဉ်သူ တွေက တည်းခိုခန်းတစ်ခုမှာ တည်းကြပါတယ်။ ကျွန်တော်တို့နဲ့ ကိုမာကြီး ကို တခြားတည်းခိုခန်းမှာ ထားပါတယ်။ တစ်နေကုန် စကြ၊ နောက်ကြရင်း အချိန်ဖြုန်းကြ၊ အိပ်ကြနဲ့ ညကျ ကျွန်တော်တို့ တီးရမယ့်အလှည့် ထိုင်စောင့် နေကြပါတယ်။ မြို့ထဲက တီးဝိုင်းအသံက စတီးတာ ကြားနေရပါပြီ။ ကျွန်တော်တို့ မတီးရသေးလို့ အသံနားထောင်ပြီး ထမင်းစား၊ ကိုယ့် အဖွဲ့သားတွေကို လာခေါ်မယ့် ကားအသံ နားထောင်နေကြရပါတယ်။

အဲဒီမှာ ကျွန်တော်တို့ ပထမဆုံး စပြီး ခံစားကြရပါတယ်။ ဘာလဲ ဆိုတော့ အဆိုတစ်ယောက် သီချင်းဘယ်နှပုဒ် ဆိုရမယ်လို့ သတ်မှတ်ချက် စည်းကမ်းမရှိတဲ့ စီစဉ်သူကြောင့် အဆိုတော်တစ်ယောက်က နာမည်မရှိပေမဲ့

mgyoe.com SAMPLE BOOK
သူ ကြိုက်တဲ့ နာမည်ကြီး သီချင်းတွေ ရွေးဆိုနေလို့ တစ်ယောက်ကို ခြောက်ပုဒ်လောက် ဟစ်နေကြတာ ကြားနေရပါတော့တယ်။

တကယ့်အဆိုတော်က သူ့သီချင်းပေါက်တာ တစ်ပုဒ် နားထောင်ရဖို့ လူသိပ်မသိတဲ့ သီချင်းတွေ အများကြီး ဆိုလို့ မရသလို သူများ သီချင်းတွေလည်း ယူမဆိုကြပါဘူး။ ပြန်ဆိုတေး အခွေတွေလည်း ခေတ်မစားခင် အချိန်ပါ။ ကိုယ်ပိုင်သီချင်းတစ်ပုဒ် ရဖို့ ခဲရာခဲဆစ် ကြိုးစားရချိန်ခုနက အဆိုပြိုင်ပွဲဝင်လေးတွေက သူများသီချင်းတွေ တစ်ယောက် ရှစ်ပုဒ်လောက် ဆို၊ လူတွေကလည်း အများကြီး ပါလာတော့ ကျွန်တော်တို့နဲ့ ကိုမာရဇ္ဇ တီးရ၊ ဆိုရမယ့် အချိန် တည်းခိုခန်းမှာ စောင့်ရင်း အတီးသမား တချို့ဆို အိပ်ပျော်ကုန်ကြပါတယ်။

ကိုယ့်လာခေါ်မယ့် ကားကလည်း မလာ၊ မလာနဲ့ နောက်ဆုံး မနက် သုံးနာရီကျော်မှ လာခေါ်တော့ ကျွန်တော်တို့လည်း စင်ပေါ်တက်ပြီး တီးကြချိန် ပရိသတ်က အပြည့် စောင့်ပြီး အားပေးနေကြတာ မယုံနိုင်စရာပါ။ ပွဲစီစဉ်သူကြီးကို ကျွန်တော်တို့ စတိတ်ရှိုး တီးပြီးရင် ရန်ကုန် တန်းပြန်ကြမယ်လို့ အထပ်ထပ် ပြောထားပါရက်နဲ့ ကျွန်တော်တို့ စင်ပေါ် စတက်ချိန်၊ သူနဲ့ သူ့အဖွဲ့ အဆိုပေါက်စတွေအကုန် ပျောက်ခြင်းမလှ ပျောက်ကုန်ကြပါတော့တယ်။

ကျွန်တော်တို့ တီးပြီး စင်ပေါ်က ဆင်းချိန် တည်းခိုခန်း ပြန်ဖို့ ကားလည်း မရှိ၊ ဘာမှလည်း စီစဉ်မပေး၊ ကိုယ် ရောက်တဲ့ နေရာက ဘယ်နေရာ၊ ပြန်ရမယ့် တည်းခိုခန်း ဘယ်နေရာမှန်းတောင် မသိဘဲ ကိုမာရဇ္ဇရော၊ ကျွန်တော်တို့ အားလုံးရော လမ်းပေါ်မှာ ဂီတာတွေ လွယ်ပြီး ယောင်ချာချာ ဖြစ်ကုန်ကြပါတယ်။

လာခေါ်မယ့် ကားကလည်း သူတို့ တည်းခိုခန်းအပြန် ခေါ်သွားပြီး ပြန်မလာတော့သလို သူတို့ဆီ ဖုန်းဆက်ဖို့လည်း ဖုန်းက မလွယ်ကူပါဘူး (၁၉၉၈ ပတ်ဝန်းကျင်ကပါ)။ ကိုယ့်မြို့လည်း မဟုတ်လို့ သူ ဘယ်မှာ တည်းလဲ မသိရတော့ မိုးမလင်းခင် ရန်ကုန်ပြန်မှ ဖြစ်မယ့် အစီအစဉ်ကလည်း မဖြစ်နိုင်တော့တာ ရိပ်မိလာပါပြီ။

တကယ်ဆို သူက ချက်ချင်းပြန်ပို့မယ် သဘောတူခဲ့လို့ လူစားဝင်တီးပေးတဲ့ ကီးဘုတ်ဆရာ အောင်မြတ်ထွန်းကို Aurora ပွဲအမီ ပြန်ပို့ပေးဖို့ သဘောတူခဲ့တာ။ အခု ကျွန်တော်တို့အားလုံး သူ့ကို ပြန်မပို့နိုင်ရင်

mgyoe.com SAMPLE BOOK
ကျွန်တော်တို့ ကတိမတည်ဘဲ ညာခေါ်လာသလို ဖြစ်ကုန်မှာပါ။ ကျွန်တော်တို့နဲ့ ကိုမာကြီး ချက်ချင်း တိုင်ပင်ပြီး ပွဲစီစဉ်သူ တည်းနေတဲ့ တည်းခိုခန်းကို သွားပြီး ချက်ချင်းပြန်ကြဖို့ သူ့စကားအတိုင်း ဟုတ်၊ မဟုတ် သိချင်လာကြပါတယ်။

ကားကလည်း မရှိလို့ သိသမျှလူတွေ မေးမြန်းကြည့်တော့ ပွဲစီစဉ်သူ တည်းတဲ့ တည်းခိုခန်းနာမည် သိခဲ့ပါတယ်။ မနက်လေးနာရီလောက်အထိ မအိပ်ရသေးတဲ့ ကျွန်တော်တို့ ဆိုက်ကားတွေ ငှားပြီး တန်းစီထွက်ခဲ့ကြပါတယ်။ တည်းခိုခန်းအရှေ့မှာ ကျွန်တော်တို့ ရန်ကုန်ပြန်မယ့် ဘတ်စ်ကားကြီး ပြန်တွေ့လို့ ကားပေါ်တက်ကြည့်တော့ ကားဆရာတွေက အိပ်နေကြပါတယ်။ အိပ်ရာ နှိုးပြီး အခြေအနေ မေးမြန်းကြည့်တော့ သူတို့ကို စတိတ်ရှိုး ပြီးတာနဲ့ ပြန်ဖို့ ပြောမထားဘူးလို့ သိရလို့ ကျွန်တော်တို့နဲ့ ကိုမာရဇ္ဇကို လိမ်ခေါ်ခံထားရတာ ရိပ်မိလိုက်ပါပြီ။

ကျွန်တော်တို့ တစ်ဖွဲ့လုံး ညနေမင်္ဂလာပွဲရှိလို့ ပြန်ကြရမယ် ဆိုပြီး ကားဆရာတွေကို ပြောရပါတယ် (တကယ်က ကီးဘုတ်သမားပဲ တီးဖို့ရှိပေမဲ့ သူတစ်ယောက်တည်းဆို ဂရုမစိုက်၊ ပြန်မပို့မှာစိုးလို့ ကျွန်တော်တို့ အားလုံးလို့ ညာပြောထားကြရတာပါ)။ ကားဆရာတွေကလည်း အိပ်ရာက နိုးပြီ၊ မိုးလည်း လင်းခါနီးပြီမို့ ရန်ကုန်ပြန်ရင်လည်း ရပါတယ်။ ကားခတွေ ချေမယ့် ပွဲစီစဉ်သူဆီက ကျန်ငွေရမှ ကားထွက်လို့ ရမယ် ဆိုလာတော့ ကျွန်တော်တို့ တည်းခိုခန်းထဲ အိပ်နေတဲ့ စီစဉ်သူကို တံခါးခေါက် နှိုးရပါတော့တယ်။

တည်းခိုခန်း မန်နေဂျာကို နှိုးပြီး စီစဉ်သူကို ရန်ကုန်ပြန်ဖို့ ကိစ္စမေးချင်လို့ ခေါ်ပေးပါလို့ ပြောရပါတယ်။ မန်နေဂျာလည်း အိပ်ချင်မူးတူးနဲ့ ထလာပြီး အထဲဝင်သွားပါတယ်။ ဘယ်အခန်းထဲမှာ စီစဉ်သူ အိပ်နေလဲ မသိတော့ ကျွန်တော်တို့ ဝင်လို့ မရခဲ့ပါဘူး။ ခဏနေ မန်နေဂျာ ပြန်ထွက်လာပြီး ပွဲစီစဉ်သူက ဒီမှာ ည ပြန်မအိပ်ပါဘူးလို့ ပြောပါတော့တယ်။ တည်းခိုခန်းထဲ အိပ်နေတာ ကျွန်တော်တို့ သိပေမဲ့ သူ မရှိဘူး ပြောနေတော့ ဘယ်မှာ ရှိနိုင်မလဲ ထပ်မေးကြည့်ပါတယ်။ သူက မြို့ခံ ပွဲကန်ထရိုက်အိမ်ကို သွားကြည့်ပါ ဆိုလို့ ကျွန်တော်တို့ ဆိုက်ကားတွေပေါ် တက်၊ အဲဒီအိမ်ကို လိုက်ကြရပါတယ်။ မိုးက လင်းစပြုနေလို့ ကျွန်တော်တို့ တီးတာ ကြည့်ထားတဲ့ ဈေးသည်တွေရဲ့ ဈေးရှေ့ကနေ ဆိုက်ကားတွေနဲ့ မျက်နှာပူပူ ဖြစ်သွား

mgyoe.com SAMPLE BOOK

ချိန် အဆိုတော်မာရဇ္ဇနဲ့ ကျွန်တော်တို့ကို ပရိုမိုးရှင်း ဆင်းတယ် ထင်သလား မသိကြဘဲ ဝမ်းသာအားရ နှုတ်ဆက်ကြပါတော့တယ်။

ကျွန်တော်တို့လည်း အဲဒီအိမ်ကို ရောက်၊ အိပ်နေတဲ့ အိမ်သား တွေကို အားနာနာနဲ့ နှိုးပြီး မေးတော့ ကန်ထရိုက်ရော၊ စီစဉ်သူရော လာမအိပ်ဘူး ဆိုပြီး အဖြေ ပြန်ပေးပါတယ်။ ဒါဟာ ကျွန်တော်တို့နဲ့ ကိုမာရဇ္ဇတို့ကို အကွက်ချပြီး စီစဉ်သူကြီးက lesson ပေးတာပဲလို့ အဖြေက ပေါ်နေပါပြီ။ ပြီးတော့လည်း သူ ခေါ်လာတဲ့ ဘာမှန်းမသိရတဲ့ (အဆိုတော် မဟုတ်ဘဲ ခေါ်လာတဲ့) ကလပ်မယ် ပုံစံလေးတွေကလည်း အဲဒီက ဝါသနာရှင် ဘောစိတွေနဲ့ ဒီနေ့နေ့လယ် ချိတ်ဆက်ပေးဖို့ စီစဉ်နေတယ် ဆိုပြီး အတွင်း သတင်းကနေ သိလာရပါတယ်။

ဒီလို လုပ်ဇာတ် အကြံအဖန်တွေကြား ကျွန်တော်တို့ကို လိမ်ညာ ခေါ်လာတာ၊ ကိုယ်တွေ မသိတဲ့ မြို့မှာ ပုန်းရှောင်နေတာ၊ ကျွန်တော်တို့ အားလုံး စတိတ်ရှိုးပြီးချိန် အပြန်ကားကိုတောင် စီစဉ်မပေးဘဲ တစ်ခါတည်း သူ ယူပြီး ပြန်သွားလို့ ကျွန်တော်တို့ လမ်းမပေါ်မှာ နေရတာ၊ အခုလည်း ရန်ကုန်ပြန်ဖို့ ကားရှိလျက်နဲ့ ကားခ မချေဘဲ ထားလို့ ပြန်မရတာ၊ အနု ပညာကြေး ကျန်ငွေတွေ မပေးဘဲ ပုန်းနေတာ၊ တည်းခိုခန်းမှာ ရှိလျက်နဲ့ မရှိဘူးပြောတာ။ အဲဒီလို မတရား လုပ်ထားတဲ့ လုပ်ရပ်တွေကို တခြား အနုပညာသမားတွေ သူ လုပ်လို့ရရင် ရမယ်၊ ကျွန်တော်တို့ကို မရဘူး ဆိုတာ ပြဖို့ အချိန်ရောက်ပြီလို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ဒါကြောင့် ပုန်းရှောင်နေတဲ့ စီစဉ်သူကို အမြန်ဆုံး ပြန်တွေ့ဖို့ မြန်အောင်မြို့ ရဲစခန်းမှာ အမှုဖွင့်မယ် ဆိုပြီး ဆိုက်ကားတွေနဲ့ ရဲစခန်း သွားကြပါတော့တယ်။ ကိုမာရဇ္ဇက ဆိုက်ကားရှေ့မှာ ထိုင်၊ ကျွန်တော်က ကျောချင်းကပ် ထိုင်ပြီး တစ်ရေးမှ မအိပ်ရသေးဘဲ စတိတ်ရှိုးက အဝတ် အစားတွေနဲ့၊ ဆိုက်ကား သုံးစီး ရှင်လောင်းလှည့်သလို လှည့်လာကြတာ မိုးစင်စင်လင်းနေလို့ မြို့ကလူတွေ တအံ့တသြ ဖြစ်ကုန်ကြပါတော့တယ်။ ကိုမာကြီးက စိတ်လည်း ဆိုးနေလို့ စီစဉ်သူကို ပြန်တွေ့ရင် ထိုးမယ်လို့ တောင် ဒေါသထ ကြိမ်းဝါးနေပါတယ်။

ကျွန်တော်တို့ ရဲစခန်း ရောက်တော့ တိုင်ချက်ဖွင့်ဖို့ ကြိုးစားချိန် မြို့နယ်မှူးအိမ်ကို သွားပြီး အကျိုးအကြောင်းကို အရင်ပြောပြပေးပါ ဆိုလို့ ရဲစခန်းဝင်းထဲက မြို့နယ်မှူးအိမ်ကို ကျွန်တော်တို့နဲ့ ကိုမာကြီး ဆက်ချီတက်

mgyoe.com

mgyoe.com SAMPLE BOOK
ရပါတော့တယ်။ မြို့နယ်မှူးအိမ်က သူ့ဇနီးကို အကျိုးအကြောင်း ပြောပြပြီး မြို့နယ်မှူးနဲ့ တွေ့ပါရစေ၊ ကျွန်တော်တို့ကို စတိတ်ရှိုး စီစဉ်သူက ဒုက္ခပေးထားလို့ ရန်ကုန် ပြန်မှရမယ့်ကိစ္စ ဒုက္ခဖြစ်နေရပါတယ်လို့ ရှင်းပြလိုက်ပါတော့တယ်။ အဲဒီမနက်က မင်းသမီး (တင်ဇာဝင်းပြည့်) လည်း သူတို့နဲ့ အမျိုးတော်စပ်လို့ မြို့နယ်မှူးဇနီးရဲ့ အိမ်မှာ ဧည့်သည်အဖြစ် အလည်ရောက်နေတာ မှတ်မိပါသေးတယ် (နာမည်လေးလုံးနဲ့ မင်းသမီး ထဲမှာ မှတ်ထားမိလို့ မှားရင်တော့ ခွင့်လွှတ်ပါနော်)။

မြို့နယ်မှူးဇနီးလည်း အဆိုတော်မာရဇ္ဇကြီးနဲ့ (ကျွန်တော်က အခုလို လူသိပ်မသိကြသေးပါဘူး) လူငယ်တွေကို သနားပြီး မြို့နယ်မှူးကို အိပ်ရာက သွားနှိုးပေးပါတယ်။ မြို့နယ်မှူးလည်း အိပ်ရာက ကမန်းကတန်း ထလာပြီး ကိုမာရဇ္ဇတို့ အစောကြီး အိပ်ရာ ထလာကြတာလားလို့ မေးပါတယ် (သူလည်း ကျွန်တော်တို့ တီးတာ ပြီးတဲ့အထိ ကြည့်တယ်လို့ ပြောပြပါတယ်)။ ကိုမာကြီးက အခုထိ ကျွန်တော်တို့အားလုံး မအိပ်ရသေးပါဘူး၊ ပွဲစီစဉ်သူက ရန်ကုန်ပြန်ဖို့ ကားစီစဉ်ပေးမယ် ပြောပြီး အခု ပုန်းနေလို့ပါ၊ မြို့ခံ ကန်ထရိုက်ကလည်း သူ မသိဘူး ပြောလို့ အခု ရန်ကုန်ကို မပြန်နိုင်ဖြစ်နေရပါတယ်လို့ တိုင်ရပါတော့တယ်။

ကိုမာကြီး မျက်နှာကြောင့်ရယ်၊ ကျွန်တော်က အဖြစ်မှန်ကို အမှန်အတိုင်း အပိုအလိုမရှိ ထပ်ပြောပြနိုင်လို့ မြို့နယ်မှူး သဘောပေါက်သွားပြီး ကျွန်တော်တို့နဲ့ ပါလာတဲ့ သူ့တပည့် ဒုရဲအုပ်ကို နယ်ထိန်းတွေဆီ စကားပြောစက်နဲ့ ပြောခိုင်းပါတယ်။ ပွဲစီစဉ်သူရော၊ မြို့ခံကန်ထရိုက်ရော ပုန်းနေတဲ့ အိမ်နဲ့ တည်းခိုခန်းတွေထဲ အကုန်ဝင်ရှာပြီး ဖမ်းခေါ်ခဲ့ပါ၊ ဒီမှာ ရှင်းမယ်လို့ အမိန့်ပေးလိုက်ပါတော့တယ်။ ။

(ဆက်လက် ရေးပါဦးမယ်)

**နိုင်ဇော် (Lazy Club)**

■


mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း – ၄

# ကျွန်တော်နဲ့ အမှတ်တရ မာရဇ္ဇ

မြန်အောင် မြို့နယ်မှူးရဲ့ အိမ်မှာ မနက် ခုနစ်နာရီလောက် ကိုမာရဇ္ဇနဲ့ ကျွန်တော်တို့ Juke-Box အဖွဲ့သားအားလုံး တိုင်ချက်ဖွင့်ဖို့ အဖြစ်အပျက် အစ၊ အဆုံး ပြောပြလိုက်တော့ မြို့နယ်မှူးက ကျွန်တော်တို့ အားလုံး မအိပ်ရသေးဘဲ အလိမ်အညာ ခံနေရတာ သဘောပေါက်သွားလို့ မြို့ခံကန်ထရိုက်နဲ့ ရန်ကုန်က စီစဉ်သူကို ဖမ်းခဲ့ဖို့ အမိန့်ပေးလိုက်ပါတယ်။ မြို့နယ်မှူးရဲ့ နာမည် မမှတ်မိလို့ အတိအကျ ရေးမပြနိုင်ပေမဲ့ ဒီအဖြစ်တွေဟာ အလိမ်အညာ မဟုတ်မှန်း သက်သေအထောက်အထား ပြစရာ သူငယ်ချင်းတွေ အခုထိ အကုန်ရှိပါတယ်။

ခဏနေတော့ ခုနက ဘယ်လိုမှ ရှာမတွေ့ခဲ့တဲ့ ပွဲစီစဉ်သူနဲ့ ပွဲကန်ထရိုက်နှစ်ယောက်သား ရဲအစောင့်အရှောက် ကိုယ်စီနဲ့ ဝင်လာပါတော့တယ်။ စီစဉ်သူက သန့်ပြန့်နေအောင် အင်္ကျီအဖြူ လက်တို၊ ပလေကတ်ပုဆိုးအပြာနဲ့ ပြန်တွေ့ရပါတယ်။ သူက အဲဒီအချိန်ကလည်း လူသိထင်ရှားသူ၊ နိုင်ငံသိသူ တစ်ယောက်ပါ။ ကျွန်တော်တို့ အားလုံးက ဆံပင်အရှည်နဲ့ လမ်းသရဲတွေ။ ကိုမာရဇ္ဇက လွဲရင် နာမည် မရှိသူတွေ၊ တစ်ညလုံး မအိပ်ရသေးလို့ စုတ်ပြတ်သတ်နေသူတွေပါ။ ကိုမာရဇ္ဇသာမပါရင် ရဲစခန်းထဲ

mgyoe.com

mgyoe.com SAMPLE BOOK
တောင် အဝင်ခံမယ် မထင်ပါဘူး။

အခု မြို့နယ်မှူးအိမ်ရဲ့ ညေ့်ခန်းမှာ သူတို့နှစ်ယောက်နဲ့ ကျွန်တော်တို့ တစ်ဖက်စီ ထိုင်ကြပြီး ဒီပြဿနာကို တစ်လှည့်စီ မြို့နယ်မှူးက မေးပါတယ်။ စီစဉ်သူက သူ့အရှိန်အဝါနဲ့ ကျော်ကြားမှု သုံးပြီး သူ အလွန် ပင်ပန်းလို့၊ စီစဉ်ရတာ မလွယ်ကူလို့ စသည်ဖြင့် သူ ဘာတစ်ခုမှ မမှား သလို ခပ်တည်တည် ရှင်းပြတော့ ကျွန်တော့်သူငယ်ချင်း အောင်အောင် (ရှော့ခ်မုဆိုး) နဲ့ ကိုမာရဇ္ဇက မခံမရပ်နိုင် ဖြစ်ပြီး "ခင်ဗျား၊ လူကြီးစကား ပြောပါ၊ မလိမ်မညာပါနဲ့" လို့ အော်ကြသလို တစ်ယောက်ချင်း ထိုးမယ် အထိကို သူ့ရဲ့ ဟန်ဆောင် ပြောနေတာတွေကို မခံမရပ်နိုင် ဖြစ်ကုန်ကြ ပါတယ်။

သူတို့ဘက်က ပြောတာ အားလုံး ပြီးပြီ ဆိုမှ ကျွန်တော်က အားလုံးကိုယ်စား လူကြီးဆန်ဆန် အဖြစ်မှန်ကို တရားခွင်မှာ ရှေ့နေ တစ်ယောက် လျှောက်လဲချက် ပေးသလို အစအဆုံး ရှင်းပြလိုက်ပါတယ်။ (ကျွန်တော်က ဥပဒေဘွဲ့ရပြီးချိန် ချိန်ဘာခဏဆင်းဖူးပေမဲ့ ဆံပင်အရှည်နဲ့ ဂီတာသမားဘဝကို ပိုကြိုက်တာရယ်၊ ပျော်ရွှင်မှုက ရတဲ့ ငွေကြေးကိုပဲ လိုချင်စိတ်ကြောင့်ရယ် ဂီတာသမားဘဝကို ရွေးခဲ့သူမို့) ထောင့်စေ့ပြီး ပြေးလို့ မလွတ်အောင် ပွဲစလက်ခံကတည်းက ပွဲပြီးတာနဲ့ ရန်ကုန် ချက်ချင်းပြန်ဖို့ ကတိကနေ၊ စတိတ်ရှိုးအတွက် မဟုတ်ဘဲ သူ ခေါ်လာတဲ့ တခြား မဟုတ်က၊ ဟုတ်ကတွေကို ကျွန်တော်တို့ ရိပ်မိပြီး အဆင်မပြေရာက အပြန်ကို တမင် သက်သက် အားလုံး ပြန်မရအောင် စနစ်တကျ ပညာပေးတာ ဖြစ်ကြောင်း၊ အိပ်နေတဲ့ ကားသမားတွေရဲ့ စကားတွေကအစ၊ တည်းခိုခန်းမှာ ပုန်းရှောင် နေတာအဆုံး၊ အခု လိုက်ဖမ်းမှ မိလာတာအထိ မြို့နယ်မှူးကြီးကို ရှင်းပြ လိုက်ပါတယ်။

အဲဒီအချိန်က ဘာကောင်မှ မဟုတ်တဲ့ ဆံရှည် ဂီတာသမား လူငယ်တစ်ဦး ကျွန်တော့်ရဲ့ စကားကို မြို့နယ်မှူးကြီးက တလေးတစား နားထောင်ပြီး သူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပုံရပါတယ်။ အရေးထဲ အရာပေါ် တစ်ခုက ထပ်ဖြစ်ပါသေးတယ်။ ကီးဘုတ်ဆရာ အောင်မြတ်ထွဋ်က သူနဲ့ အလွန် ရင်းနှီးတဲ့ စီစဉ်သူကို ကျွန်တော်တို့နဲ့ ကိုမာရဇ္ဇ တိုက်ပွဲတစ်ခု တိုက်သလို အမှန်တရားအတွက် အသေအကျေ တိုက်နေကြတာ သူ့ကြောင့် ဖြစ်နေလို့ (တကယ်က သူပြန်ဖို့ Aurora ပွဲ ညနေမီဖို့ ကျွန်တော်တို့က

mgyoe.com